# ရခိုင်ပြည်နယ်

ဦးကျော်မင်း (ပါလီမန်အမတ်) ရေးသည်။

အဖိုး (၂၅) ပြား။

# ရခိုင်ပြည်နယ်

လွှန်ခဲ့သည့်ဖေဖော်ဝါရီလ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပစဉ် အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို တင်သွင်းဆွေးနွေးသည့်အခါက ရခိုင်ပြည်နယ်ရေးရာအကြောင်းများနှင့်ပက်သက်၍ ကျွန်တော်ပြောကြားနေဆဲမှာပင် လွှတ်တော်ဥက္ကဋ္ဌက ဆက်လက်မပြောဆိုရန် ဆုံးဖြတ်ပါသည် ။ ထို့မျှမက ကျွန်တော်၏ ပြောကြားချက်များကို သတင်းစာများတွင် ဖော်ပြခြင်းမရှိစေရန်လည်း ပိတ်ပင်လိုက်ပါသည်။

လွှတ်တော်အစည်းအဝေးပြီးသည့်နောက် ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်းနှင့်တွေ့ဆုံရာ ဦးကျော်ငြိမ်းက လွှတ်တော်တွင် ပြီးဆုံးအောင်ပြောကြားခွင့်မရခဲ့သည်ကို ဝမ်းနည်းကြောင်း ၊ မည်သည့်အရေးကိစ္စမဆို ပြောဆိုဆွေးနွေးစဉ်းစားခွင့်ရှိသင့်ကြောင်း ၊ သို့ဖြစ်၍ လွှတ်တော်တွင် ကျွန်တော်ပြောကြားလိုသောအချက်များကို ရှင်းလင်းစေရန် စာတမ်းတစ်စောင်ရေးသင့်ကြောင်း အကြံပေးပါသည်။ လွှတ်တော်တွင်ပြောကြားချိန်၌ အချိန်ကန့်သတ်ထားခြင်းကြောင့် ကျွန်တော်၏ ပြောကြားချက်များကို အတိုချုံးထားသဖြင့် အချို့သောအချက်များနှင့်ပက်သက်၍ အကျိုးအကြောင်းစုံလင်အောင် မဖော်ပြနိုင်ခဲ့ပါ။

သို့ပင်ဖြစ်လင့်ကစား ကျွန်တော်ပြောပြလိုသော အကျိုးအကြောင်းများမှာ သဘောရိုးနှင့် ပြောကြားသည့်အချက်များဖြစ်ပါသည်။ သို့ရာတွင် ဝန်ကြီးဗိုလ်ခင်မောင်ကလေးက ကျွန်တော်၏ စကားများမှာ မြန်မာလူမျိုးနှင့် ရခိုင်လူမျိုးတို့အချင်းချင်း မုန်းတီးအောင် သွေးကွဲစေသည်ဆို၍ ကျွန်တော်ပြောဆိုခြင်းကို အစဉ်မပြတ် နောက်ယှက်ပါသည်။ သို့ရာတွင် ကျွန်တော်၏စိတ်တွင် သွေးကွဲမှုကို အနည်းငယ်မျှ အလိုမရှိပါ။

ကျွန်တော်ပြောကြားသည့်အချက်များမှာ ယေဘုယျအားဖြင့် မြန်မာလူမျိုးအပေါင်းနှင့် အထူးသဖြင့် မြန်မာလူမျိုးလွှတ်တော်အမတ်များအား ရခိုင်လူမျိုးများက မည်ကဲ့သို့ စိတ်သဘောထားနေကြသည် ၊ ရခိုင်ပြည်တွင် ယခုအခါ ဖြစ်ပျက်နေသည့် အခြေအနေကို မည်ကဲ့သို့ သဘောပိုက်နေကြသည်ဟူသော အချက်များကို သိစေချင်သော ဆန္ဒအားလျော်စွာ ဖော်ပြသော အချက်များသာ ဖြစ်ပါသည်။

ယခု ကျွန်တော်ရေးသားခြင်းမှာလည်း ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်ရေးကိစ္စတွင် မည်သို့မည်ပုံ စိတ်နေသဘောပိုက်နေကြသည်ကို ကောင်းမွန်စွာ နားလည်နိုင်စေရန် လွှတ်တော်ရှေ့နေတဦးသည် မိမိ၏ အမှုသည်အတွက် ဆောင်ရွက်သည့်အလား ရေးသားခြင်းဖြစ်ကြောင်းကို ကြိုတင် ပြောထားချင်ပါသည်။

ရခိုင်ပြည်သည် မြန်မာပြည်ကြီးမှ ဖြတ်သန်းသွားလာရန် အလွန်ခဲယဉ်းသော တောင်ကြီးများဖြင့် ကာဆီးနေပါသည်။ ကရင်တယောက်ကိုဖြစ်စေ ၊ ရှမ်းတယောက်ကိုဖြစ်စေ ၊ မြန်မာတယောက်နှင့် နှိုင်းယှဉ်လိုက်လျှင် သိသိသာသာခွဲခြားနိုင်သကဲ့သို့ ရခိုင်တယောက်ကို မြန်မာတယောက်နှင့် ခွဲခြားသိရှိနိုင်ရန် ခဲယဉ်းခြင်းမရှိပါ။ ရခိုင်လူမျိုးများ၏ စွဲလမ်းနေသောယုံကြည်ချက်မှာ မိမိတို့သည် ရှေးပဝေသဏီခေတ်များက ရခိုင်ပြည်တွင်နေထိုင်ကြသော မူလတိုင်းရင်းသား တိုင်းရင်းသူများနှင့် အာရိယန်လူမျိုးတို့ ပေါင်းသင်းဆက်ဆံကြရာမှ ပေါက်ဖွားလာကြသော လူမျိုးများဟု ယုံကြည်နေခြင်းဖြစ်ပါသည်။

မြန်မာလူမျိုးများကမူ တမျိုးတဖုံ ယူဆနေကြပါသည်။ မြန်မာလူမျိုးများက ရခိုင်လူမျိုးများသည် ၎င်းတို့နှင့် မျိုးတူဇာတ်တူများဖြစ်ကြသော်လည်း သီးခြားသော အရပ်ဒေသတွင် နေထိုင်ကြသဖြင့်

သီးခြားသော အမူအရာ အပြောအဆိုရှိကြသူများဟူ၍သာ ယူဆကြပါသည်။ မြန်မာလူမျိုးများက မြန်မာနှင့် ရခိုင်လူမျိုးတို့သည် လူမျိုးတစ်မျိုးတည်းမှ ပေါက်ဖွားလာကြ၍ လူမျိုးခြားနားခြင်းမရှိဟူ၍ ယူဆကြပါသည်။

ဤကဲ့သို့ မြန်မာလူမျိုးများက ယူဆခြင်းမှာ လုံးဝမမှန်ပါ ။ သို့ရာတွင် ရခိုင်လူမျိုးတယောက်ယောက်က ရခိုင်လူမျိုးနှင့် မြန်မာလူမျိုးတို့ မတူကြောင်းပြောရန် ပါးစပ်ကို ဟသည်နှင့်တပြိုင်နက် ၊ မြန်မာများက ထိုပုဂ္ဂိုလ်သည် မြန်မာလူမျိုးနှင့် ရခိုင်လူမျိုးတို့အချင်းချင်း မုန်းတီးအောင် သွေးခွဲနေသည်ဟူ၍ စွပ်စွဲပြီးလျှင် ပြောဆိုခွင့်မပေးတော့ပါ ။ သို့ဖြစ်၍ ရခိုင်လူမျိုးက ဆက်လက်မပြောဘဲ ပါးစပ်ကို ချက်ချင်းပိတ်လိုက်ပါသည်။ ရခိုင်လူမျိုးများက ဤအရေးတွင် မြန်မားများနားလည်အောင် ရှင်းလင်းလိုသောစိတ် မရှိတော့ပါ ။ မြန်မာများက ၎င်းတို့နှင့် ရခိုင်တို့သည် အတူတူပင်ဖြစ်သည်ဟု ယူဆထင်မြင်နေလျှင်တော့ ထူးတော့မည်မဟုတ်ပါဘူးဟု သဘောပိုက်နေခဲ့ကြပါသည်။

ရခိုင်ပြည်နှင့်ပက်သက်၍ ခက်ခဲသော ပြဿနာများအနက် ၊ ထက်ဝက်မှာ မြန်မာများက ဤကဲ့သို့ မှားယွင်း၍ ယူဆနေသည်ကို မည်သည့်ရခိုင်လူမျိုးကမှ မှန်ကန်အောင် ရှင်းလင်းပြောပြခြင်းမရှိသည့်အတွက်ဖြစ်သည်ဟူ၍ ကျွန်တော်ကိုယ်တိုင် ယူဆပါသည်။

ကျွန်တော်ထပ်မံ၍ ပြောပြပါရစေ ။ ရခိုင်လူမျိုးများက မိမိတို့သည် မြန်မာလူမျိုးများနှင့် လူမျိုးချင်းခြားနားနေသည်ဟု ယူဆနေခြင်းတချက် ၊ ၎င်းပြင် ရခိုင်လူမျိုးတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ ခန့်ကစ၍ ကိုယ့်ထီး ကိုယ်နန်း ကိုယ့်ကြငှါန်းနှင့် နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်နေခြင်းတချက် ၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ခန့်ကစ၍ သားစဉ်မြေးဆက် ပြောဆိုလာခဲ့ကြသည်ကို ကြားနာရခြင်းကတချက် ၊ ဤအချက်များကြောင့် ရခိုင်ပြည်ကို မြန်မာဘုရင် ဘိုးတော်ဘုရားက သိမ်းပိုက်ခြင်း ၊ မဟာမြတ်မုနိဘုရားကြီးကို မန္တလေးမြို့သို့ ရွှေ့ပြောင်းယူဆောင်သွားခြင်းနှင့် ဗိုလ်ချင်းပြန်ပုန်ကန်ပြီးနောက် ရခိုင်လူမျိုးများကို အမြောက်အမြား သတ်ပစ်ခြင်းတို့ကို ရခိုင်လူမျိုးများက စိတ်မကြေမနပ် ဖြစ်ကြပါသည်။ ရခိုင်လူမျိုးများအား အမြောက်အများ အသက်ဆုံးရှုံးစေခြင်းကို ဤနေရာတွင် ရေးသားဖော်ပြရခြင်းမှာ ဤအချက်နှင့်ပက်သက်၍ ရှေ့တွင်လည်း ညွှန်းပြရေးသားရန် အကြောင်းများ ရှိသည့်အတွက်ဖြစ်ပါသည်။

ရခိုင်ပြည်၏ နောက်ကြောင်းရာဇဝင်ကို ကောင်းစွာနားလည်အောင်ကြိုးစား၍ နားမထောင်သူသည် မည်သူမဆို ရခိုင်လူမျိုးတို့၏စိတ်ဓာတ်ကို နားလည်နိုင်မည်မဟုတ်ပါ။ အင်္ဂလိပ်လူမျိုးတို့တွင် စကားပုံတခုရှိပါသည် ။ ငှက်ကုလားအုပ်သည် မိမိဦးခေါင်းကိုသာ မြေတွင်လျှို့ဝှက်ထားကာမျှဖြင့် ဘေးဥပါဒ်မလွတ်ကင်းနိုင်ဆိုသည့် စကားပုံရှိပါသည်။ ထိုစကားပုံအရ ငှက်ကုလားအုပ်သည် မိမိဦးခေါင်းကိုသာ ဝှက်ထားသကဲ့သို့ ရခိုင်ပြည်၏ နောက်ကြောင်းရာဇဝင်ကို မသိယောင်ဆောင်ကာ ရခိုင်လူမျိုးများနှင့် မြန်မာလူမျိုးများအချင်းချင်း မုန်းတီးအောင် ဖန်တီးရာရောက်သည်ဟူ၍ ရှောင်ရှားနေခဲ့သော် ကိစ္စ ပြီးစီးနိုင်မည် မဟုတ်ပါ ။

ရခိုင်လူမျိုးများမှာ မိုယ်းလင်းမှ နေဝင်အိပ်ရာဝင်အထိ တနေ့လုံး ရခိုင်ပြည်၏ နောက်ကြောင်းရာဇဝင်ကို အမြဲသတိရနေခြင်းမှာ ရခိုင်လူမျိုးတို့၏ မူလသဘောထားဖြစ်ပါသည်။

ထို့ကြောင့် ရခိုင်ပြည်၏ နောက်ကြောင်းရာဇဝင်ကို မြန်မာလူမျိုးတို့ စိတ်တွင် မဝင်စားဘဲ နေကြသမျှကာလပတ်လုံး ရခိုင်ပြည်၏ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်းကို ကျွန်တော်ထပ်မံရေးသားလိုပါသည်။ ရခိုင်လူမျိုးများက နေ့စဉ်နှင့်အမျှ အချိန်မရွေး ဤကဲ့သို့ ၎င်းတို့၏နောက်ကြောင်း

ရာဇဝင်ကို အမြဲသတိရနေပါလျက် ၊ မြန်မာလူမျိုးတို့က ထိုရာဇဝင်နောက်ကြောင်းကို သိလိုသည့်စိတ် ကင်းမဲ့နေကြပါလျှင် ရခိုင်လူမျိုးတို့နှင့် မြန်မာလူမျိုးတို့သည် မည်သည့်အခါမှ အချင်းချင်း နားလည်မှု ရရှိနိုင်ကြမည်မဟုတ်ပါ ။

ရခိုင်လူမျိုးတို့သည် မာန်မာနတက်ကြွသော လူမျိုးများဖြစ်ပါသည်။ မာန်မာနတက်ကြွရန် အကြောင်းလည်းရှိပါသည်။ ရခိုင်လူမျိုးတို့သည် ထကြွလုံးလဝီရိယရှိခြင်း ၊ စိတ်ဓာတ်ခိုင်မာခြင်း ၊ သူတဦး တယောက်တွင် ချီးမွမ်းထိုက်သော အရည်အချင်းများနှင့်ပြည်စုံသည်ကို နှစ်မြို့ကျေနပ်သော စိတ် သဘောထားရှိခြင်းစသည့် ကြီးပွါးကြောင်းဖြစ်သော လူမျိုးဂုဏ်လက္ခဏာများရှိကြသဖြင့် ၊ ရခိုင်လူမျိုးတို့၏ မာန်မာနတက်ကြွခြင်းမှာ သဘာဝကျလှပါသည်။

လွန်ခဲ့သည့် (၁၇) ရာစု (၁၈) ရာစုနှစ်များက အာရေဗျပင်လယ်ကို ပေါ်တူဂီလူမျိုးတို့က စိုးမိုး ကျက်စားနိုင်သကဲ့သို့ ရခိုင်လူမျိုးများသည်လည်း ဘင်္ဂလားပင်လယ်အော်သို့ ကျက်စားနိုင်သော ကြီးမား သည့်ရေတပ်အားကိုးနှင့် ကြီးစိုးနိုင်ခဲ့ပါသည် ။ Mr.Maurice Collis - ရေးသော The Land of the Great Image ခေါ် မဟာမြတ်မုနိဘုရားကြီး ကိန်းဝပ်ခဲ့သောပြည် ဆိုသည့် စာအုပ်တွင် ထိုစဉ်အခါက ရခိုင်ပြည်၏ ကြီးမားခဲ့သည့် ရေးခေတ်အကြောင်းများကို ဘတ်ရှုနိုင်ကြပါသည်။ ရေးတခေတ်က ရခိုင်ဘုရင်တပါးသည် ဘင်္ဂလားပြည် ဒက္ကားမြို့ကစပြီး မွန်ပြည် မုတ္တမထိအောင် အုပ်စိုးခဲ့ပါသည်။ မြန်မာလူမျိုးနှင့် မွန်လူမျိုးတို့မှာ ကုန်းတပ်အင်အားသာရှိကြ၍ ရခိုင်လူမျိုးတို့မှုကား ရေတပ်အင်အားပါရှိကြသော လူမျိုးများ ဖြစ်ကြပါသည်။

သို့ရာတွင် (၁၈) ရာစုနှစ်များ၏ နောက်ပိုင်းတွင် ရခိုင်ပြည်တွင် သူပုန်များထကြွသဖြင့် ရခိုင်ပြည်မှာ ခေတ်ဆိုးနှင့် တွေ့ကြုံခဲ့ရပါသည်။ အကြောင်းကား ထိုအခါက ရခိုင်ဘုရင်၏ ထီးနန်းကို သူပုန်များက လုပ်ကြံ၍ နန်းလုကြပါသည်။

ဤအချိန်အခါလောက်တွင် အထက်မြန်မာလူမျိုးများက မွန်လူမျိုးများကို တွန်းလှန်နိုင်ကြသဖြင့် အလောင်းဘုရားစတင်သော ရွှေဘို ကုန်းဘောင်မင်းဆက် မြန်မာဘုရင်များ ကြီးစိုးလာကြပါသည်။ ထိုအခါက ၁၇၈၅ - ခုနှစ် နန်းကျရခိုင်ဘုရင်တပါး၏ ဆွေမျိုးအချို့က ၊ ၎င်းခါ စံမြန်းလျက်ရှိသော မြန်မာ ဘုရင် ဘိုးတော်ဘုရားထံမှ အကူအညီတောင်းဆိုရာ မြန်မာဘုရင်က အကူအညီပေးမည့်အစား ရခိုင်ပြည် ကို လာရောက် သိမ်းပိုက်လိုက်ပါသည်။ ထောင်သောင်းမကသော ရခိုင်လူမျိုးများမှာ ဘင်္ဂလားပြည်သို့ ထွက်ပြေးကြရပြီး အရှေ့အိန္ဒိယ ကုမ္ပဏီအစိုးရထံတွင် ဝင်ရောက်ခိုလှုံကြပါသည်။ ၎င်းနောက် ဗိုလ်ချင်းပြန်က ခေါင်းဆောင်၍ ပုန်ကန်သဖြင့် ၊ ထိုခေတ်အလိုက် မြန်မာဘုရင်က ရခိုင်ပြည်သူပြည်သား များအား သတ်ဖြတ်စေဟု အမိန့်ချမှတ်ပါသည်။ ယင်းသို့အမိန့်ချမှတ်သဖြင့် ရခိုင်လူမျိုးယောကျာ်းများကို ကလေးလူကြီးမရွေး သတ်ဖြတ်ပစ်ပါသည်။ ထောင်သောင်းမကသော ရခိုင်လူမျိုးတို့သည် အရှေ့ အိန္ဒိယ ကုမ္ပဏီအစိုးရထံသို့ တဖန် ထွက်ပြေးကြပြီး ခိုလှုံကြရပြန်ပါသည်။

## အင်္ဂလိပ်နှင့်မြန်မာ ပဌမစစ်

ထို့နောက် အင်္ဂလိပ်နှင့်မြန်မာတို့ ပဌမအကြိမ် စစ်ဖြစ်ကြပါသည်။ ဤစစ်မှာ ဘင်္ဂလားပြည်တွင် လာရောက်ခိုလှုံနေကြသော ရခိုင်များနှင့် မြန်မာလူမျိုးအရာထမ်း အမှုထမ်းများ မကြာခဏ တိုက်ခိုက်

ကြရာမှ စတင်ဖြစ်သောစစ်ဟု ခေါ်ဆိုနိုင်ပါသည်။ ဤစစ်အပြီးတွင် ရခိုင်ပြည်နှင့်တနင်္သာရီ မွန်ပြည်များကို အင်္ဂလိပ်လက်သို့ အပ်လိုက်ရပါသည်။ ထိုအခါ ဘင်္ဂလားပြည်သို့ ထွက်ပြေးခိုလှုံနေကြရသော ထောင်သောင်းမကသော ရခိုင်လူမျိုးတို့သည် မိမိတို့၏ ဇာတိဌာနေဒေသများသို့ ပြန်လာနိုင်ခွင့်ရကြသည့်အတိုင်း ပြန်လာကြပါသည်။

သို့ရာတွင် မြန်မာလူမျိုးများ၏ သတ်ဖြတ်မှုများကြောင့် ရခိုင်ပြည်တွင် ရခိုင်လူမျိုးဦးရေ မည်မျှ ယုတ်လျော့နေပါသနည်းဆိုမူ ၊ ရခိုင်လူမျိုးတို့ ရခိုင်ပြည်သို့ပြန်လာအောင် အင်္ဂလိပ်များက ပြုစု ဂရန်မြေများ ချပေး နည်းစနစ်ကို အသုံးပြုကြရပါသည်။ စစ်တွေခရိုင်တွင် မြေဧကပေါင်း ၁၀၀၀ မှ ၄၀၀၀၀ အထိရှိသော ဂရန်မြေပေါင်း ၄၀ မှ ၅၀ အထိရှိပါသည်။ ဤကဲ့သို့ ဂရန်မြေများချပေးခြင်း၏ ရည်ရွယ်ချက်မှာ ဘင်္ဂလားနယ်ဒေသများသို့ ထွက်ပြေးခိုလှုံနေကြသော ရခိုင်လူမျိုးများကို ဂရန်မြေများချပေးခြင်းခံရသူတို့၏ စရိတ်ဖြင့် ၎င်းတို့၏ဂရန်များအောင် လုပ်ကိုင်စားသောက်ကြရန် ပြန်လည်ချပေးရခြင်းဖြစ်ပါသည်။ ဂရန်မြေရသူများမှာလည်း ၎င်းမြေများကို ထာဝစဉ်ပိုင်ဆိုင်ခွင့်ရှိကြ၍ ၎င်းတို့၏ ဂရန်မြေပတ်ဝန်းကျင်ရှိ အခြားမြေများကို စီးကြပ်သော မြေခွန်တော်၏ သုံးပုံနှစ်ပုံမျှ အခွန်တော်ကိုသာ ထမ်းဆောင်ကြရပါသည်။

စစ်တွေမြို့မှာ အင်္ဂလိပ်များက တည်ထောင်ပေးသော မြို့ဖြစ်၍ ဘင်္ဂလားပြည်မှ စစ်ပြေးရခိုင်လူမျိုးများ နေထိုင်ကြသော မြို့ဖြစ်ပါသည်။ သို့ရာတွင် အင်္ဂလိပ်မင်းတို့လက်အောက်တွင် အထူးအခွင့်အရေးများ ရရှိကြသဖြင့် ထောင်သောင်းမျှသော ရခိုင်လူမျိုးတို့သည် ဘင်္ဂလားနယ်မှာပင် စိတ်ပျော်ရွှင်စွာ နေထိုင်ကြသောကြောင့် ပြန်မလာကြပါ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်မှစ၍မူကား လူဦးရေ ၃၀၀၀၀ မှ ၄၀၀၀၀ ထိရှိသည်ဟု ခန့်မှန်းကြသော ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နှင့် ရန်ကုန်မြို့သို့ ပြန်လာကြပါသည်။ သို့ပင်ဖြစ်လင့်ကစား လူဦးရေ ၁၀၀,၀၀၀ - ခန့်လောက်ရှိသော ရခိုင်လူမျိုးတို့သည် အရှေ့ပါကစ္စတန်ပြည်တွင် ယခုတိုင် ရှိနေပါသေးသည်။

အင်္ဂလိပ်နှင့်မြန်မာတို့ ဒုတိယအကြိမ် စစ်ဖြစ်ပါသေးသည်။ နောက်ဆုံး အင်္ဂလိပ်နှင့်မြန်မာ တတိယအကြိမ် စစ်ဖြစ်ကြပါသည်။ ရှေးဦးစွာ အင်္ဂလိပ်များက ရခိုင်ပြည်နှင့်တနင်္သာရီပြည်များကို အိန္ဒိယပြည်မှနေ၍ အုပ်စိုးကြပါသည်။ နောက်အခါတွင် မြန်မာပြည်သည် အိန္ဒိယပြည်၏ လက်အောက်ခံပြည်နယ်တနယ်ဖြစ်လာ၍ ၊ ရခိုင်ပြည်မှာလည်း မြန်မာပြည်၏ တိုင်းတခုဖြစ်လာပါသည်။

မြန်မာပြည်ကို အင်္ဂလိပ်များ အုပ်စိုးစဉ်အခါက ရခိုင်ပြည်အပါအဝင် အောက်မြန်မာပြည်တွင် ကောက်ခံရရှိသော ဘဏ္ဍာတော်များ ပိုသောငွေများကို အထက်မြန်မာပြည် ခေါင်းပါးသော အရပ်ဒေသများ ဖွံ့ဖြိုးတိုးပွါးအောင် သုံးစွဲခြင်းမှအပ ရခိုင်လူမျိုးတို့မှာ အခြားစိတ်မကြေနပ်စရာကောင်းအောင် နည်းပါးပါသည်။ ရခိုင်လူမျိုးတို့၏ နလုံးရည် ပညာရည်များ ကောင်းမွန်ထက်သန်ခြင်းကြောင့် ရန်ကုန်တွင်ရှိသော အထက်တန်းအစိုးရ ရာထူးများကို များသောအားဖြင့် ရခိုင်လူမျိုးများထဲမှ ဆောင်ရွက်ခဲ့ကြပါသည်။ ရခိုင်ပြည်ရှိ ရခိုင်လူမျိုးများမှာမူ ကုန်သွယ်ရောင်းဝယ် ဖောက်ကားရေးလုပ်ငန်းများတွင် အင်္ဂလိပ်လူမျိုး အိန္ဒိယလူမျိုး ကုန်သည်ကြီးများနှင့် ယှဉ်ပြိုင်ပြီး နင်လား - ငါလား စီးပွါးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးခြင်းမှာ အနှစ်တရာခန့် ကြာသောအခါ နှစ်ပေါင်း ၄၀ မျှ မြန်မာများ အုပ်စိုးညှင်းပမ်းခဲ့သည်ကို မေ့လျော့စပြုလာကြပါသည်။ အင်္ဂလိပ်များက အုပ်ချုပ်ရာတွင် အဓိကအခွင့်အာဏာ

များ ရှိကြသည့်အတိုင်း တရားမျှတစွာ အုပ်စိုးရမည့်တာဝန်များကို ယူထားသဖြင့် မြန်မာများက ရခိုင်များကို နှိပ်စက်ညှဉ်းပန်းများ ပြုလုပ်နိုင်ခွင့် မရှိတော့ပါ ။

## ဂုန်းချော ခြင်းဖြင့်

မြန်မာနှင့် ရခိုင်လူမျိုး ၂ မျိုးစလုံးတို့သည် လောကဒ္ဓ ကြီးပွါးရာ ကြီးပွါးကြောင်းကိစ္စတွင် မိမိတို့၏ စွမ်းရည် ကျွမ်းကျင်မှုများကိုသာ အားကိုးနိုင်ကြရပါသည်။ အင်္ဂလိပ်လူမျိုးတို့၏ မူလစိတ်သဘောထားမှာ သူတပါး၏ ဂုန်းချောခြင်း လော်လီခြင်းမျိုးကို လက်ခံလေ့မရှိသဖြင့် ရခိုင်လူမျိုးတို့သည်၎င်း ၊ မြန်မာလူမျိုး တို့သည်၎င်း ၊ ဂုန်းချောခြင်း ၊ လော်လီခြင်းများဖြင့် မိမိတို့ လိုအင်ဆန္ဒ ပြည့်ဝနိုင်ကြသည် မဟုတ်ပါ။

အစိုးရအမှုထမ်းအဖွဲ့များသို့ ဝင်ရောက်နိုင်ခွင့်နှင့်ပက်သက်၍ အင်္ဂလိပ်အစိုးရတို့၏စည်းကမ်းမှာ ယှဉ်ပြိုင်စေကာ စာမေးပွဲများတွင် အောင်မြင်သူများနှင့် ရာထူးဝန်အဖွဲ့က ရွေးချယ်သူများသာ များသော အားဖြင့် ဝင်ရောက်နိုင်ကြပါသည်။ ဤစည်းကမ်းအရ ညီညွတ်ကြသဖြင့် ရခိုင်လူမျိုးတို့မှာ မိမိတို့ လူဦးရေ အချိုးအစားထက်ပင် ပိုမို၍ အထက်တန်း အမှုထမ်းအဖွဲ့များတွင် ဝင်ရောက်နိုင်ခွင့် ရရှိခဲ့ကြပါသည်။

## ရာထူးမှပင် ထွက်ကြသည်

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီခေတ်က မြန်မာလူမျိုး အရာရှိတို့သည် ရခိုင်ပြည်တွင် အမှုထမ်းလို သော စိတ်မရှိကြပါ။ မြန်မာအရာရှိများအား ရခိုင်ပြည်သို့ ရွှေ့ပြောင်းအမှုထမ်းရွက်စေလျှင် တနည်းနည်း ဖြင့် မပြောင်ရအောင် ကြံဆောင်ကြပါသည် ။ အချို့မှာ ရခိုင်ပြည်သို့ ပြောင်းရွှေ့အမှုထမ်းမည့်အစား မိမိတို့ ရာထူးများမှပင် နုတ်ထွက်ပါသည်။

ယင်းသို့ဖြစ်ခြင်းကြောင့် ရခိုင်ပြည်တွင် ပြန်တမ်းဝင်အရာရှိများဦးရေ ရာခိုင်နှုန်း (၉၀) ၊ အခြား ပြန်တမ်းမဝင်အရာရှိများ အားလုံးလိုလိုပင် ရခိုင်လူမျိုးများသာ ဖြစ်ကြပါသည် ။ သို့ဖြစ်ခြင်းကြောင့် ရခိုင် ပြည်၌ အမှုထမ်းရွက်ဖူးသော မြန်မာလူမျိုးများမှာ အလွန်နည်းပါးခဲ့ပါသည်။ ရခိုင်ပြည်တွင် လ,အနည်းငယ် ထက် ပို၍ အမှုထမ်းဆောင်ရွက်ခဲ့ဘူးသော မြန်မာလူမျိုးအရာရှိများမှာလည်း စိတ်သဘောထား ပြေပြစ် သော လူများဖြစ်ကြပါသည်။ ရခိုင်လူမျိုးများ မြန်မာတို့၏ ပုံပန်း စိတ်နေသဘောထား စသည်တို့မှာ မည်ကဲ့သို့ ရှိသည်ကိုပင် မသိနိုင်လောက်အောင် ဖြစ်လာကြပါသည်။

ရခိုင်လူမျိုးတို့ ရင်ဆိုင်နေကြရသော ပြဿနာမှာ မြန်မာလူမျိုးများနှင့် ပက်သက်၍မဟုတ်ဘဲ စစ်တကောင်းလူမျိုးများနှင့်သာ ပက်သက်သောပြဿနာဖြစ်ပါသည်။ သို့ရာတွင် စစ်တကောင်းလူမျိုးများမှာ အစေခံအဖြစ်ဖြင့်၎င်း ၊ လုပ်သားအဖြစ်ဖြင့်၎င်း ၊ အသက်မွေးဝမ်းကျောင်းအတွက် ရခိုင်ပြည်သို့ လာရောက် ကြခြင်းဖြစ်သဖြင့် ရခိုင်များက လက်ခံနိုင်ခဲ့ကြပါသည်။ စစ်တကောင်းလူမျိုးများနှင့်ပက်သက်သည့် ပြဿနာမှာ မည်သည့်အခါမှ များစွာခက်ခဲခြင်း မရှိပါ။ အကြောင်းမှာ စစ်တကောင်းလူမျိုးများသည် မိမိတို့နှင့် သက်ဆိုင်ရာ အဆင့်အတန်းအလိုက်သာ နေထိုင်ကြပါသည်။ တောနယ်ဒေသများသို့ လာရောက် ကြသော စစ်တကောင်းလူမျိုးများမှာ လယ်ယာလုပ်ငန်းတွင် ရခိုင်လူမျိုးများ နည်းပါးသဖြင့် ၎င်းတို့အတွက်

လုပ်ကိုင်နေထိုင်ရန် နေရာများ အလုံအလောက် ရရှိနိုင်ခဲ့ကြပါသည်။ ရခိုင်လူမျိုးများနှင့် စစ်တကောင်း လူမျိုးများမှာ သင့်တင့်စွာပင် နေထိုင်နိုင်ခဲ့ကြပါသည်။

စစ်တကောင်းလူမျိုးများနှင့် အဓိကရုဏ်းဖြစ်ခြင်းမှာ ၁၉၄၂ - ခု ဂျပန်တို့ဝင်ရောက်သည့်အချိန် ကျမှ ပဌမအချိန်ဖြစ်ပါသည်။ သို့ရာတွင် စစ်တကောင်းလူမျိုးများနှင့် အဓိကရုဏ်းဖြစ်ခြင်း အကြောင်းကိစ္စ မှာ မသက်ဆိုင်ပါ ။

ယခုအခါ ဖဆပလ အစိုးရတို့ ကြီးစိုးလာသည့်အချိန်မှစ၍ ရခိုင်ပြည်ကို မည်ကဲ့သို့ စီမံအုပ်ချုပ် လျက် ရှိနေပါသလဲ ။ အမှန်ကိုဆိုရပါမူ ရခိုင်ပြည်ကို ရန်ကုန်မြို့မှနေ၍ ဖဆပလ မြန်မာဝန်ကြီးများက စီမံ အုပ်ချုပ်နေပါသည်။ တိုင်းမင်းကြီးမှာ ဘယ်သူပါလဲ ။ ရခိုင်လူမျိုးမဟုတ်ပါ ။ ရခိုင်ပြည်မှာ အမှုထမ်း ဆောင်ရွက်နေကြသည့် ခရိုင်ဝန် (၃) ဦးမှာ မည်သူများပါသလဲ ။ အားလုံး ရခိုင်လူမျိုးများ မဟုတ်ကြပါ။ ရခိုင်ပြည်မှာ အမှုထမ်းဆောင်ရွက်နေကြသည့် ရဲခရိုင်ဝန် (၃) ဦး မည်သူများပါလဲ ။ အားလုံး ရခိုင်လူမျိုးများ မဟုတ်ကြပါ ။ တရားသူကြီး ၊ နယ်ပိုင်ဝန်ထောက်များ ၊ ရဲဝန်ထောက်များ ၊ ခရိုင်ဆရာဝန်များ ၊ ပညာရေး ဌာနအရာရှိများ ၊ သစ်တောအရာရှိများမှာလည်း မည်သူများပါလဲ ၊ အားလုံးလိုလိုပင် ရခိုင်လူမျိုးများ မဟုတ်ကြပါ ။

အမှန်မှာ ရခိုင်ပြည်တွင် ပြန်တမ်းဝင် အရာရှိများဦးရေ ရာခိုင်နှုန်း ၉၀ ကျော်မှာ ရခိုင်လူမျိုး မဟုတ်သူများ ဖြစ်ကြပါသည်။ ဤကဲ့သို့ ယခုအခြေအနေနှင့် ဗြိတိသျှအင်္ဂလိပ်ခေတ်အခါက စစ်တွေခရိုင်တွင် အရေးပိုင် ၊ ရာဇဝတ်ဝန် ၊ စက်ရှင်တရားသူကြီး (၃) ဦးစလုံးပင် ရခိုင်လူမျိုးချည်းသာဖြစ်ကြသည့် အခြေအနေနှင့် နှိုင်းယှဉ်ကြည့်ပါ ။

ရခိုင်ပြည်တွင် ရခိုင်လူမျိုးမဟုတ်သူများအား အမှုထမ်းရွက်စေရန်ခန့်ထားသော စာရင်းမှာ မကုန် သေးပါ ။ မြို့ပိုင် ၊ ဌာနာပိုင် ၊ ရဲအုပ်များနှင့် အခြားဌာနများက ပြန်တမ်းဝင်အရာရှိတို့မှာလည်း များသော အားဖြင့် ရခိုင်လူမျိုးများ မဟုတ်ကြတော့ပါ။

ယခုခေတ်တွင် ရခိုင်ပြည်သို့ အမှုထမ်းရန် ရွှေ့ပြောင်းခြင်းခံရသော မြန်မာလူမျိုးအရာရှိများမှာ များသောအားဖြင့် ရာထူးတိုး၍ လာရောက်ကြပါသည်။

ဤအရာရှိများသည် ရခိုင်ပြည်သို့ရောက်ပြီးနောက် မကြာမီပင် ၎င်းတို့၏ ဇာတိနေရပ်များသို့ ပြန်လည်ရွှေ့ပြောင်းရန်ကိုသာ စိတ်ကူးနေကြပါသည်။ ရခိုင်ပြည်တွင်ရှိနေခိုက် ၎င်းတို့၏ လုပ်ငန်းများမှာ လည်း များသောအားဖြင့် ဖဆပလက ပေးသော အမိန့်များအတိုင်းသာ လိုက်နာဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုအခါ ရခိုင်ပြည်တွင် ဌာနတိုင်းဌာနတိုင်းမှ အရာရှိကြီးငယ် အားလုံးတို့သည် များသော အားဖြင့် ရခိုင်လူမျိုးမဟုတ်သူများကိုသာ ခန့်ထားခြင်းမှာ ခေတ်အခြေအနေအလိုက် ရိုးရိုးဘဲလား ၊ ဖဆပလ အစိုးရက တမင်သက်သက် လုပ်ထားသလားဆိုသည်ကို မမေးထိုက်ပါဘူးလား ။

ကုန်းတပ် ၊ ရေတပ်နှင့် စစ်ရဲတပ်များကိုလည်း ကြည့်ပါဦး ။ ရခိုင်ပြည်မှာ အမှုထမ်းနေကြသူများမှာ များသောအားဖြင့် ရခိုင်လူမျိုးများ မဟုတ်ကြပါ ။

သို့ဖြစ်၍ ရခိုင်ပြည်ကို မြန်မာပြည်၏ ကိုလိုနီနိုင်ငံ သဘောဖြင့် အုပ်ချုပ်နေကြခြင်းဖြစ်သည်ကို မည်သူက ငြင်းဆိုနိုင်ပါသလဲ ။ ရခိုင်ပြည်ကို ဖဆပလ တို့က နယ်ချဲ့သဘောမျိုးနှင့် အုပ်စိုးနေကြသည်ဟု ဆိုလျှင် မည်သူက ငြင်းဆိုနိုင်ပါသလဲ ။

ရခိုင်ပြည်တွင် အမှုထမ်းနေကြသော မြန်မာတို့၏ ပြုမူပုံမှာလည်း မည်ကဲ့သို့ ဖြစ်နေပါသလဲ ။ များသောအားဖြင့် သူတို့က သူတို့ကိုယ်ကို ပိုမိုမြင့်မြတ်သော လူမျိုးများဖြစ်သည်ဟု အထင်ကြီးပြီး ထင်သလို ကျင့်နေကြပါသည်။

စစ်တွေမြို့တွင် မြန်မာလူမျိုးအရာရှိငယ်များက သူတို့ဘာသာသူတို့ စုရုံး၍ ကလပ်သလောမျိုး ဖွဲ့စည်းထားကြပါသည်။ ၎င်းတို့၏ကလပ်သို့ ရခိုင်လူမျိုးများကို ဝင်ခွင့်မပြုပါ။

ရခိုင်ပြည်တွင် မြန်မာလူမျိုးအမြောက်အများ ပါဝင်လျက်ရှိသော လက်နက်ကိုင် အမှုထမ်းများမှာ လည်း မည်ကဲ့သို့ ပြုမူနေကြပါသလဲ ။ အမှန်စင်စစ် မြန်မာပြည်မှာ ကဲ့သို့ပင် ပြုမူနေကြပါသည်။

သူတို့သည် သောင်းကျန်းသူများကို အသက်စွန့်၍ တိုက်ခိုက်နေရသည်။ သူတို့သည် တိုင်းပြည်၏ ကယ်ဆယ်သူများဖြစ်ကြသည်ဆိုသည့်အချက်များကို သူတို့ကိုယ်တိုင်ကလည်း မည်သည့်အခါမှ မမေ့။ လူတိုင်းလူတိုင်းကိုလည်း အထင်ရောက်စေချင်ကြသည်။ သူတို့မှာ အဓိကလက်နက်ရှင်များဖြစ်နေကြပါ သည်။

လက်နက်ကိုင်အချို့နှင့်အရပ်သားတို့ အနည်းငယ်ခိုက်ရန်ဖြစ်ပွါးလျှင် လက်နက်စွဲကိုင်သော အခြား တပ်များကို ထပ်မံအားဖြည့်ရန် ခေါ်ယူကြပြီးလျှင် အရပ်သူအရပ်သားများအား အပြစ်ရှိ အပြစ်မဲ့မရွေး ပစ်သတ်ကြသည်အထိ ညှင်းပန်းကြပါသည်။

အများပြည်သူတို့ စိတ်ထိခိုက်အောင် ပြုမူသည့်အချက်တို့ကား များစွာရှိပါသည်။

ဥပမာပြရမည်ဆိုလျှင် လက်နက်ကိုင်တပ်သားအချို့တို့ ချီတက်သွားလာကြသည်ကို သူပုန်အချို့ တို့က ပစ်ခတ်ကြသည့်အခါ လက်နက်ကိုင် တပ်သားသည် နီးရာရွာသို့ သွားရောက်ပြီး လက်နက်မဲ့ မိန်းမ များ ကလေးများနှင့် သက်ဝါကြီးရင့်သော အဘိုးအိုများကိုပင် ထင်သလို ပစ်သတ်ကြပါသည်။

ဤကဲ့သို့ ကျင့်ကြံကြခြင်းမှာ မြန်မာပြည်တွင်း၌မူ တော်ပါသေး၏ ။ ရခိုင်ပြည်တွင်ကား ဤကဲ့သို့ ပြုမူခြင်းမျိုးကို မည်ကဲ့သို့ ယူဆနေကြပါသလဲ ။ ရခိုင်လူမျိုးများကဖြင့် ဤကဲ့သို့ ပြုမူခြင်းမျိုးဖြစ်နိုင်သည်မှာ ရခိုင်ပြည်သို့ စေလွှတ်ထားသော စစ်သားများသည် မြန်မာလူမျိုးများဖြစ်ကြလို့သာဟူ၍ ယူဆနေကြပါ သည် ။

ရခိုင်လူမျိုးတို့ အထူးစွဲလမ်းနေချက်မှာ ညှဉ်းပန်းသူ စစ်သားတို့မှာ မြန်မာလူမျိုးများဖြစ်ကြသည် ဆိုသောအချက်ပင်ဖြစ်ပါသည်။ ယင်းလက်နက်ကိုင် တပ်များသည် ရခိုင်လူမျိုးများ ဖြစ်ကြပါမူ ၊ ဆိုခဲ့သည့် အပြုအမူမျိုးကို ပြုကျင့်ကြမည်မဟုတ် ။ သတ္တိကြောင့်၍ သူတပါးအား နှိပ်စက်ပြုမူခြင်းကိုကား အလျဉ်း ပြုကျင့်ကြမည်မဟုတ်ဟု စွဲလမ်းနေကြပါသည်။ အမှန်မှာ ဤအပြုအမူမျိုးမှာ မြန်မာပြည်မတွင် နေ့စဉ် ပြုလုပ်နေသော အမှုများပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုအချက်များကို ရခိုင်များက မသိကြပါ။ ရခိုင်ပြည်တွင် ဖြစ်ပျက်မှုများအတွက် ရခိုင်လူမျိုးများ မခံချိသောစိတ်များ ပေါ်ပေါက်ကြပါသည်။ မခံချိသောစိတ်များ ပေါ်ပေါက်ခြင်းမှာ လက်နက်ကိုင်တပ်များ အပေါ်တွင်မဟုတ်ဘဲ မြန်မာလူမျိုးများအပေါ်တွင် ဖြစ်ပါသည်။

သို့ဖြစ်၍ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ ကျော်က ဖြစ်ပျက်ခဲ့သော ရခိုင်လူမျိုးကို မြန်မာလူမျိုးများက သတ်ဖြတ်ခြင်း ၊ မြန်မာလူမျိုးတို့သည် ရက်စက်ကြမ်းကြုတ်သော လူမျိုးဖြစ်သည်၊ စသည့် ရေးအတိတ် သတိများကို ပြန်လည်ရကြ၍ တယောက်မှတယောက် ဆင့်ကာဆင့်ကာ ပြောဆိုကြပြီးလျှင် အနာဟောင်း ထသကဲ့သို့ မြန်မာလူမျိုးတို့အပေါ်တွင် ယခင်ကထားခဲ့သော မုန်းတည်းစိတ်များကို တဖြည်းဖြည်း ပြန်လည် မွေးမြူနေကြပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် အမှန်နည်းဖြင့်ဖြစ်စေ အမှားနည်းဖြင့်ဖြစ်စေ ရွေးကောက်ပွဲများတွင် ဖဆပလ အဖွဲ့ဝင်တို့သည် အနိုင်ရရှိနိုင်ရေးကိုသာ စိတ်ကူးနေကြသော မြန်မာလူမျိုး ပြန်တမ်းဝင်အရာရှိများ အလိမ်မာကင်းမဲ့သော စိတ်သဘောထားရှိကြခြင်းများကြောင့် သာ၍ပင် ဆိုးရွား လာပါသည်။

ဤကဲ့သို့ အလိမ်မာကင်းမဲ့သော စိတ်သဘောထား ရှိကြသည့် အရာထမ်းအမှုထမ်းများ မသိ နားမလည်သော အချက်တချက်ရှိပါသည်။ ၎င်းမှာ ရခိုင်လူမျိုးများသည် မတရားသဖြင့်ဖြစ်စေ ၊ တိတ်တိတ် ကြိတ်၍ လျှို့ဝှက်သောနည်းဖြင့်ဖြစ်စေ ၊ ပြုလုပ်မှုများကို ယေဘုယျအားဖြင့် ရွံရှာမုန်းတီး တတ်ကြသည်ကို မသိကြခြင်းပင်ဖြစ်ပါသည်။

ယခုအခါ မြန်မာလူမျိုးများကို ချစ်ပါသည်ဟုပြောဆိုကာ ရခိုင်ပြည်တွင် ဘုရင်မင်းငယ်များ အခြေသို့ ဆိုက်ရောက်လာအောင် ဆောင်ရွက်နေကြသည့် အလိုတော်ရိ ရခိုင်ဖဆပလအချို့တို့က မြန်မာ ဝန်ကြီးများကို ဂုန်းချောနေကြသဖြင့် မြန်မာဝန်ကြီးအချို့တို့က အချို့သောရခိုင်ခေါင်းဆောင်များသည် မြန်မာလူမျိုးနှင့် ရခိုင်လူမျိုးအချင်းချင်းတို့ သွေးခွဲနေကြသည် ။ မုန်းတီးအောင် ပြုလုပ်နေကြသည်ဟု ဆက်ကာဆက်ကာ စွပ်စွဲခြင်း ပြုလုပ်ကြပါသည်။ သွေးခွဲနေကြပါသည်ဟု စွပ်စွဲချက်နှင့်ပက်သက်၍ ရခိုင်နှင့် မြန်မာတို့သည် လူမျိုးချင်းမတူကြကြောင်း ပြောဆိုပြီးခဲ့ပါပြီ ၊ ၎င်းတို့၏ လူမျိုးရေး လက္ခဏာများမှာ မတူ ခြားနားကြပါသည်။ ရခိုင်နှင့်မြန်မာတို့ပြောဆိုသော ဘာသာစကားမှာ တူသည်ဟု အချို့သော မြန်မာ ဝန်ကြီးများက အကြောင်းပြပြီးလျှင် လူမျိုးချင်းလည်း တူသည်ဟု ပြောဆိုနေကြပါသည်။

ဘာသာစကားများ တူသည်ဟုဆိုခြင်းနှင့် ပါက်သက်၍ ရုတ်တရက်တူဟန်ရှိသော်လည်း ဘာသာ စကားချင်းမတူကြောင်းကို ရခိုင်လူမျိုးတိုင်း သိကြပါသည်။ ရခိုင်လူမျိုးတို့၏ ပြောဆိုကြပုံသည် မြန်မာ စကားနှင့်မတူ ၊ ခြားနားပါသည် ။ သို့ဖြစ်၍ သွေးခွဲနေသည်ဟူ၍ ပြောဆိုခြင်းမျိုးကို ဆက်လက်၍ မပြုလုပ် သင့်ပါ ။

ရခိုင်လူမျိုးနှင့် မြန်မာလူမျိုးအချင်းချင်းမုန်းတီးအောင် ပြုလုပ်နေသည်ဆိုခြင်းနှင့်ပါက်သက်၍ အဖြေမှန်ကို ပြောပရစေ ။ ဤကဲ့သို့ လူမျိုးအချင်းချင်း မုန်းတီးအောင် ပြုလုပ်နေခြင်းမှာ ၁၉၄၈ ခုနှစ်က စ၍ ယနေ့ထက်တိုင် ရခိုင်ပြည်တွင် အမှုထမ်းဆောင်ရွက်နေကြသော မြန်မာလူမျိုး အရာထမ်း အမှုထမ်း များစွာ တို့က မိမိတို့ကိုယ်ကို သာလွန်မြင့်မြတ်သော လူမျိုးများဟု ယူဆနေကြ၍၎င်း ၊ လက်နက်အားကိုး သဘော မျိုးကိုပိုက်၍ ဖြစ်သမျှမှုခင်းပြဿနာများကို သေနပ်လက်နက်များဖြင့်သာ ရှင်းလင်းရန် စိတ်ထား၍၎င်း ၊ ထင်သလို ကျင့်နေခြင်းများကြောင့်ဖြစ်ပါသည်။ ရခိုင်ပြည်တွင် ဖြစ်ပျက်လျက်ရှိသော အခက်အခဲ ပြဿနာ များမှာ မြန်မာလူမျိုး အရာထမ်းအမှုထမ်းများကြောင့်သာ ဖြစ်ပေါ်နေသည်ကို ယုံကြည်စေလိုပါသည်။

# ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တည်ထောင်ရေး တောင်းဆိုနေခြင်းကို ဤနေရာတွင် ဖော်ပြလိုပါသည်။ ရခိုင်လူမျိုးများက ရှမ်းပြည်နယ် ကချင်ပြည်နယ် ကရင်ပြည်နယ်များကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် ပြည်နယ်တနယ်တည်ထောင်ပေးရန် လိုလားကြပါသည်။ မသိနားမလည်သော ရခိုင်လူမျိုးများနှင့် မြန်မာလူမျိုးအား ရတညအဖွဲ့သည် ပြည်ထောင်စုမှအပ အချုပ်ချာအာဏာပိုင် သီးခြားပြည်တပြည် ရရှိရန်ကို ဟောကြားနေကြသည်ဟု ဖဆပလအဖွဲ့က မဟုတ်မမှန်သောဝါဒ ဖြန့်ဖြူးနေကြခြင်းမှာ အခြေအနေအရ မဟုတ်မမှန်သည့်အပြင် တရားမျှတခြင်းမရှိဟု ကျွန်တော်ကိုယ်တိုင် ထင်မြင်နေပါသည်။

ရှေးအင်္ဂလိပ်ခေတ်က ငြိမ်ဝပ်ပိပြားရေးရှိပါသည်။ ရန်ဖန်ရန်ခါ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးပါသည်။ ကျွန်တော်ဖော်ပြပြီးခဲ့သည့်အတိုင်း ရခိုင်ပြည်သည် မြန်မာပြည်၏ တစိတ်တဒေသဖြစ်သဖြင့် ရခိုင်ပြည်ကို ရန်ကုန်မြို့မှနေ၍ အုပ်ချုပ်သော်လည်း ရခိုင်ပြည်တွင် ရခိုင်လူမျိုးများကို အုပ်စိုးသော မြန်မာလူမျိုး မရှိခဲ့ပါ။ ထိုစဉ်ကလည်း ရန်ကုန်မြို့တွင် အစိုးရ အရာထမ်း အမှုထမ်းများတွင် ရခိုင်လူမျိုးများက ရှေ့တန်းမှနေ၍ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲခွါလိုက်သည့်အချိန်မှစ၍ ရန်ကုန်မြို့တွင် ဖွဲ့စည်းခဲ့သော အစိုးရကတ်ဘိနက်အဖွဲ့များတွင် ရခိုင်လူမျိုးခေါင်းဆောင် ဝန်ကြီး ၂ - ဦး အမြဲ ပါဝင်ခဲ့ပါသည်။

မြန်မာပြည်ကို အိန္ဒိယမှ မခွဲခွါမီကလည်း အင်္ဂလိပ်တို့ မြန်မာပြည်မှ ထွက်ခွါသွားပြီးနောက် မည်သို့မည်ပုံ ဖြစ်နိုင်သည့်အကြောင်းနှင့် စပ်လျဉ်း၍ ရခိုင်လူမျိုးများက မေ့လျော့၍ မနေခဲ့ပါ။ လန်ဒန်မြို့တွင် ကျင်းပသော ဒုတိယမျက်နှာစုံညီအစည်းအဝေးတွင် ရခိုင်ကိုယ်စားလှယ်များက ရခိုင်ပြည်ကို မြန်မာပြည် ၊ ပြည်မမှ ခွဲခြား၍ စီမံခန့်ခွဲပေးရန်ကိစ္စကို ဗြိတိသျှခေါင်းဆောင်များနှင့် ဆွေးနွေးကြပါသေးသည်။ သို့ရာတွင် မည်ကဲ့သို့မျှ အဖြေစကား ပြန်ကြားခြင်း မရှိခဲ့ပါ။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ စစ်တွေအမျိုးသား အထက်တန်းကျောင်းအုပ်ကြီး မင်းတိုင်ပင်အမတ် ဦးထွန်းအောင်ထုတ်ပြန်ခဲ့သော ကျေညာစာတမ်းမှ အောက်ပါကောက်နှုတ်ချက်ကို ဖော်ပြလိုက်ပါသည်။

"ရန်ကုန်မှအုပ်ချုပ်သည်ထက် မိမိပြည်အတွက် သီးသီးခြားခြား အုပ်ချုပ်ခြင်း တခုရှိမှသာ နောင်ကို အကျိုးရှိမည်ဟု ထင်ပါကြောင်း ၊ ရခိုင်ပြည်သည် မြန်မာပြည်နှင့် တွဲဘက်၍ကားနေသင့်၏ ။ သို့သော်လည်း ယခုကဲ့သို့ပင် ရန်ကုန်က အုပ်ချုပ်ခြင်းမျိုးကိုသာ ခံ၍နေမည်၊ မိမိတို့တိုင်းပြည်အတွက် သီးသီးခြားခြား အုပ်ချုပ်မှုမရှိက အကျိုးရှိလိမ့်မည်ဟု မထင်ဝန့်ပါကြောင်း"

ယခုအခါ ဒုတိယကမ္ဘာစစ်ကြီးပြီးခေတ် နောက်အကြောင်းကို ပြောပြလိုပါသည်။ တိုင်းပြည်ပြုလွှတ်တော်အဖွဲ့သို့ ရခိုင်မှ ရွေးချယ်တင်မြောက်ခဲ့သော အမတ်များအားလုံးမှာ ဖဆပလ အဖွဲ့မှ ဖြစ်ပါသည်။ မြန်မာပြည်လွတ်လပ်ရေး ရမည်ဆိုသဖြင့် ရခိုင်လူမျိုးများက ဝမ်းမြောက်ကြပါသည်။

ရှမ်းပြည်နယ် ၊ ကချင်ပြည်နယ်များ ဖွဲ့စည်းပေးသည့်နည်းတူ ရခိုင်ပြည်နယ် ဖွဲ့စည်းပေးရန်ကိုလည်း ရခိုင်အမတ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆွေးနွေးကြပါသေးသည်။ သို့သော်လည်း လွတ်လပ်ရေးရအောင် ဆောင်ရွက်နေစဉ်အတွင်း ရှုပ်ထွေးမည်ကို စိုးရိမ်မကင်း ရှိသဖြင့် လွတ်လပ်ရေး ရပြီးသည့် အခါကျမှ ထပ်မံစည်းစားရန် ချန်ထားခဲ့ပါသည်။

သီးခြားပြည်နယ်တနယ် သတ်မှတ်ပေးရန် ဗိုလ်ချုပ်အောင်ဆန်းက ချမှတ်ထားတဲ့ မူသဘောထားကို အများသိကြပါသည်။ ကျွန်တော်ကိုယ်တိုင် ထိုမူကို ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်းထံမှ ကြားသိရပါသည်။ ဤမူမှာ ဆိုဗီယက် ရုရှားနိုင်ငံကလည်း လိုက်နာသော မူဖြစ်ကြောင်းကို ကျွန်တော်နောက်မှ သိရှိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအချက် (၄) ချက်နှင့် ပြည့်စုံသော မည်သည့်လူမျိုးမဆို ပြည်နယ်ဖွဲ့စည်းခွင့် ရနိုင်မည်ဟု " မူ " ချမှတ်ခဲ့ပါသည်။

(၁) နောက်ကြောင်းရာဇဝင် အထောက်အထားများနှင့် ပြည့်စုံသောလူမျိုး

(၂) သဘာဝနယ်မြေအားဖြင့် အစုအဝေးအဖြစ် တည်ရှိနေသောလူမျိုး

(၃) စီးပွါးရေးအားဖြင့် အစုအဝေးအဖြစ် တည်ရှိနေသောလူမျိုးစု

(၄) စာပေ ဘာသာ ယဉ်ကျေးမှု ထုံးတမ်းဓလေ့များအားဖြင့် သီးခြားကိုယ်ပိုင်ရှိနေသော လူမျိုးစု

ရခိုင်လူမျိုးများက ရခိုင်ပြည်သည် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားသည့် အချက် (၄) ချက်စလုံးနှင့် ကိုက်ညီသည်ကို ကောင်းစွာ သိနားလည်ကြသဖြင့် တော်သင့်သည့်အချိန်ကို မျှော်လင့် စောင့်ဆိုင်းခဲ့ကြပါသည်။ ရခိုင်ပြည်နယ်တနယ်ကို မုချဖွဲ့စည်းဖြစ်လိမ့်မည်ဟူ၍သာ ယူဆခဲ့ကြပါသည်။ ဤအတွင်း ဗိုလ်ချုပ်အောင်ဆန်းမှာ ကံအကြောင်းမလှသဖြင့် ၁၉၄၇ ခုနှစ် - ဇူလိုင်လတွင် မသမာသူ လူယုတ်မာများလက်ချက်ဖြင့် ကွယ်လွန်အနိစ္စ ရောက်ရပါသည်။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းရန်ကိစ္စကို ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် ထိုကိစ္စနှင့်ယှဉ်ပြိုင်၍ အခြားစိတ်ကူးတမျိုးလည်း ပေါ်ပေါက်လာပါသည်။ ၎င်းမှာ ရခိုင်ပြည်အတွက် ဝန်ကြီးတဦး သီးသန့်ခန့်ထားရန် အကြံဖြစ်ပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၉၁) ကို သေချာစွာသုံးသပ်ကြည့်ရာ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆိုသောစကားမှာ ဘာကိုဆိုလိုသည်ဟု မည်သူမျှ အတိအကျ မသိကြပါ ။ ကျွန်တော်ဘီလပ်တွင် စာသင်နေစဉ်က Political Science ခေါ် နိုင်ငံရေးဗေဒပညာကို ဆီးပူးခဲ့သော်လည်း Regional Autonomy ခေါ် ဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်ကို မကြားဘူးပါ ။ အဓိပ္ပါယ်ကို ၎င်းစကားများ၏ ၁၉၅၂ - ခုနှစ် မော်စကိုမြို့သို့ သွားသည့်အချိန်ကျမှ ကျွန်တော်နားလည်ကြောင်း ဝန်ခံပါသည်။

အချို့သူတို့က ဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆိုသောစကားများအရ ရခိုင်ပြည်အတွက် ဝန်ကြီးတဦး သီးသန့်ခန့်ပေးရန်လိုမည်ဟု ယူဆ၍ ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းမည့်အစား ဤကဲ့သို့ ဝန်ကြီးတဦး သီးသန့်ခန့်ထားခြင်းက ပိုမိုကောင်းလိမ့်မည်ဟု သဘောပိုက်ကြပါသည်။ ဤကဲ့သို့ ယူဆခြင်းမှာ အမျိုးမျိုးစဉ်းစားကြည့်လျှင် မှန်သင့်သလောက် မှန်သည်ဟု ဆိုနိုင်ပါသည်။ ရခိုင်ပြည်အတွက် သီးသန့်ခန့်ထားသည့်ဝန်ကြီးမှာ တိုင်းမင်းကြီးအထက်က မင်းကြီး အကြီးစားတဦးဖြစ်၍ ရခိုင်ပြည်နှင့် ပက်သက်သော ကိစ္စ အဝဝတို့ကို ဆောင်ရွက်ရပါလိမ့်မည် ။ ဝန်ကြီးများ အဖွဲ့ဝင်တဦးဖြစ်သည့်အတိုင်း မိမိ၏ လိုလားချက်များကို အခြားဝန်ကြီးများထံမှ တောင်းဆိုနိုင်သည်။ ဥပမာဆိုလျှင် မိမိနယ်အတွင်းမှာ ကျောင်းတကျောင်း နောက်ထပ်လိုလျှင် ပညာရေး ဝန်ကြီးထံ တောင်းဆိုနိုင်ပါသည်။ ဆေးရုံတရုံ နောက်ထပ်လိုလျှင် ကျန်းမာရေးဝန်ကြီးထံမှ တောင်းဆိုနိုင်သည်။ ၎င်းဝန်ကြီးမှာ ရခိုင်ဘုရင်တပါးကဲ့သို့ ဖြစ်နေပေလိမ့်မည်။

အချို့ပုဂ္ဂိုလ်များက ဤကဲ့သို့ ရခိုင်ပြည်အတွက် ဝန်ကြီးတဦးခန့်ထားပြီး ထမြောက်အောင် ဆောင်ရွက်နိုင်ရန် ယင်းသို့ခန့်ထားမည့်ဝန်ကြီးရာထူးကို လက်ခံမည့်သူသည် အရည်အချင်းသြဇာတိက္ကမ နှင့် ပြည့်စုံသည့်ဝန်ကြီးဆိုလျှင် အခြားဝန်ကြီးတဦးက နောက်ထပ်ကျောင်းတကျောင်းရအောင် ဆောင်ရွက်နိုင်လျှင် သူက ကျောင်း ၂ ကျောင်းရအောင် တောင်းဆိုပေးနိုင်လိမ့်မည် ။ သြဇာတိက္ကမ မရှိသည့် ဝန်ကြီးဆိုလျှင် နောက်ထပ်ကျောင်းတကျောင်းရအောင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ဟု ထင်ကြပါသည်။

အချို့က ဝန်ကြီး၏ သြဇာတိက္ကမအပေါ်မှာ တမည်ဘဲ ကောင်းစွာ ဆောင်ရွက်သွားနိုင်စေရန် ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးခြင်းကို အလိုရှိကြပါသည်။

ဤနည်းအားဖြင့် ရခိုင်ပြည်နယ်တနယ်ဖွဲ့စည်းပေးရန် တောင်းဆိုခြင်း ပေါ်ပေါက်လာခဲ့ပါသည်။ ကရင်များက ကရင်ပြည်နယ် ၊ မွန်များက မွန်ပြည်နယ် ၊ အသီးသီး ပြည်နယ်များဖွဲ့စည်းပေးရန် တောင်းဆိုကြပါသည်။ ဤကဲ့သို့ ပြည်နယ်များဖွဲ့စည်းပေးရန် တောင်းဆိုကြခြင်းသည် ၁၉၄၈ - ခုနှစ် အောက်တိုဘာလတွင် ဆာဘဦး ဦးစီးသည့် စုံစမ်းရေးကော်မရှင် အဖွဲ့တဖွဲ့ကို ဖွဲ့စည်းပေးရသည်အထိ တောင်းဆိုခြင်း ပြုလုပ်ကြပါသည်။

ဤနှစ် ဤလများကို ဖော်ပြခြင်းမှာ ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးရန်တောင်းဆိုခြင်းသည် ဦးကျော်မင်း၏ ဦးနောက်ထည်းမှ ပေါ်ပေါက်လာခြင်းသာဖြစ်သည်ဟု ဖဆပလက လိမ်လည်၍ ပြောဆိုခြင်းသာဖြစ်ကြောင်းကို ထင်ရှားစေရန်ဖြစ်ပါသည်။ အကြောင်းမှာ ဆာဘဦး၏ ကော်မီရှင်အဖွဲ့ကို ဖွဲ့စည်းသည့်အချိန်တွင် ကျွန်တော်သည် အစိုးရအမှုထမ်း အရာရှိတဦးအနေနှင့်သာ ရှိနေပါသေးသည်။ ၎င်းအခါက ကျွန်တော်သည် နိုင်ငံရေးဘက်တွင် စိတ်ဝင်စားခြင်းလည်းမရှိ ။ နိုင်ငံရေးကိုလည်း မလိုက်စားသေးပါ။ ဆာဘဦး ကော်မီရှင်အဖွဲ့ဝင်တဦးဖြစ်သော ဦးရွှေဘော် M.A,B.L က တင်သွင်းသည့်မှတ်တမ်းတွင် ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရန် တောင်းဆိုခြင်းမှာ ရခိုင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့ (Arakan Freedom League) က တောင်းဆိုခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။

လွှတ်တော်တွင် အစိုးရအပေါ်တွင် အယုံအကြည်မရှိအဆိုကို တင်သွင်းဆွေးနွေးခြင်းမပြုမီ ကြာသပတေးနေ့က လွှတ်တော်တွင် ဝန်ကြီးချုပ်ဦးနု ပြောသွားသည့် အချက်တချက်ကို ကျွန်တော် အနည်းငယ် ဝေဘန်ဖော်ပြလိုပါသည်။ အမတ်ဦးလှထွန်းဖြူပြောဆိုသော စကားများကို ပြန်လည်ချေပရာတွင် ရှမ်းလူမျိုး ၊ ကချင်လူမျိုးများ ၊ ကယားလူမျိုးများအတွက် ပြည်နယ်များ ဖွဲ့စည်းပေးခြင်းသည် ဖဆပလ၏ ဆန္ဒအတိုင်းမဟုတ်ကြောင်း ၊ တခုတည်းသောတိုင်းပြည် (Unitary State) ကိုသာ ဖဆပလက ပို၍ နှစ်သက်ကြောင်း ပြည်နယ်အများ ပါဝင်ခြင်းဖြင့် ပြည်ထောင်စုအင်အား နည်းပါးကြောင်း ၊ ရခိုင်ပြည်ကို ရခိုင်ပြည်နယ်အဖြစ် ဖွဲ့စည်းပေးရန် ဖဆပလ အဖွဲ့က ဆန္ဒမရှိခြင်းမှာ ရခိုင်လူမျိုးများကို မုန်းတီးခြင်းကြောင့် မဟုတ် ၊ နောက်ထပ် ပြည်နယ်များဖွဲ့စည်းခြင်းကို မလိုလားခြင်းကြောင့် ဖြစ်ကြောင်း - စသည်ဖြင့် ဝန်ကြီးချုပ် ဦးနုက အကျယ်တဝင့် မိန့်ကြားခဲ့ပါသည်။

ဝန်ကြီးချုပ်ဦးနုပြောဆိုသည့်အတိုင်းမှန်လျှင် ဖဆပလအစိုးရအဖွဲ့က ဆာဘဦးကော်မီရှင်အဖွဲ့ကို အဘယ်ကြောင့် ဖွဲ့စည်းပေးခဲ့ပါသနည်း ။ ဆာဘဦးကော်မီရှင်ကို ဖွဲ့စည်းပေးသည့်အတွက် ရခိုင်ပြည်လူထုစိတ်မှာ အံ့ကြွနေပါသည်။ ရခိုင်လူမျိုးများက မိမိတို့လည်း ပြည်နယ်တနယ် ရလိမ့်မည်ဆိုသည့်

စိတ်ကူးနှင့် အုံကြွနေကြပါသည်။ ဤအရေးကိစ္စမှာ နောက်ကြောင်းရာဇဝင်အရရင်း ၊ အမျိုးသားစိတ်ဓာတ်အရရင်း ၊ အဘက်ဘက်မှ စဉ်းစားကြည့်ရန်လိုပါသည်။ ရခိုင်ပြည်နယ် ဖွဲ့စည်းမည်ဆိုလျှင် ရခိုင်လူမျိုးတို့၏ စိတ်နေစိတ်ထား ၊ ၎င်းတို့၏ အခြေအနေကို ကောင်းစွာနားလည်သော ရခိုင်လူမျိုးများကပင် ရခိုင်ပြည်နယ်ကို စီမံ အုပ်ချုပ် ခန့်ခွဲရမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဖွဲ့စည်းလျှင် မည်ကဲ့သို့ဖြစ်နိုင်သည်ကို ရခိုင်လူမျိုးများက ယခုအခါ ကောင်းစွာ နားလည်လာကြပါသည်။ ပြည်နယ်များက ဆောင်ရွက်နိုင်ခွင့်၊ ခံစားနိုင်ခွင့်အာဏာများကို အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖော်ပြထားပါသည်။ ပြည်နယ်တနယ်တွင် မိမိ၏ ပြည်နယ်အမှုထမ်းများအဖွဲ့ ၊ ပြည်နယ်ရာထူးဝန်အဖွဲ့များ ရှိပါလိမ့်မည်။ မိမိတို့ပြည်နယ်အတွက် ပြည်နယ်ကိစ္စများဆွေးနွေးရန် ကောင်စီအဖွဲ့ ၊ မိမိတို့ပြည်နယ်ဝန်ကြီးများ ၊ ၎င်းတို့လက်အောက်တွင် မိမိတို့ပြည်နယ်အတွက် ခန့်ထားသော တိုင်းမင်းကြီး ၊ ခရိုင်ဝန်များနှင့် ရဲဝန်များရှိကြပါလိမ့်မည်။ ဤအရာရှိများမှာ ရန်ကုန်အစိုးရအဖွဲ့မှ ရွေးချယ်ခန့်ထားစေလွှတ်သော အရာရှိများဖြစ်ကြမည်မဟုတ်ပါ။ ဤအချက်တခုတည်းနှင့်ပင် ရခိုင်လူမျိုးတို့က ရခိုင်ပြည်နယ် ဖွဲ့စည်းပေးရန် လိုလားသင့်ကြောင်း အကြောင်း လုံလောက်ပြီဟု ကျွန်တော်ယူဆပါသည်။

ငြိမ်ဝပ်ပိပြားရေး ၊ တရားစီရင်ရေး ၊ ပညာရေး ၊ ကျန်းမာရေး ၊ လမ်းပန်းဆက်သွယ်ရေး ၊ အမတော်ငွေများ ချေးထုတ်ပေးရေး ၊ စသည့် ကိစ္စ အဝဝတို့မှာ ပြည်နယ်အစိုးရက ဆောင်ရွက်ရမည့် ကိစ္စများဖြစ်ပါလိမ့်မည်။ ဤမျှလောက်နှင့်ပင် ကောင်းမွန်လောက်ပြီဟု ဆိုနိုင်ပါသည်။ ဤကိစ္စများမှာ ပြည်နယ်အတွက် ဖွံ့ဖြိုးကြီးပွါးလာစေနိုင်သည့် ကိစ္စများဖြစ်ပါသည်။ ရခိုင်ပြည်နယ် ဖွဲ့စည်းလိုက်လျှင် လူတဘဝမကြာမီ အတွင်းမှာပင် ရခိုင်ပြည်နှင့်တကွ ရခိုင်လူမျိုးတို့၏ ဘဝအဆင့်အတန်း တိုးမြင့်လာနိုင်ပါလိမ့်မည်။

ဥပမာတခုကိုပြောပြရန်မှာ စာသင်ကျောင်းများတွင် အင်္ဂလိပ်ဘာသာသင်ကြားရေး ကိစ္စတခုကို ကြည့်ပါ။ ယခုလက်ရှိ အခြေအနေအရ အစိုးရကျောင်းများတွင် အင်္ဂလိပ်ဘာသာကို ပဥ္စမတန်းမှသာ စ၍ သင်ကြားခွင့်ရှိပါသည်။ ရခိုင်ပြည်သည် ပြည်နယ်တနယ်ဖြစ်ခဲ့ပါလျှင် အင်္ဂလိပ်ဘာသာကို ပဌမတန်း ၊ သို့မဟုတ် မူလတန်းမှစ၍ သင်နိုင်ခွင့်ရှိသည်ဟူ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပြဋ္ဌာန်းနိုင်ပါလိမ့်မည်။ အင်္ဂလိပ်ဘာသာကို ကောင်းစွာတတ်ကျွမ်းသောသူတယောက်ကို သင်ကြားစေရန် စီမံနိုင်ပါလိမ့်မည်။

အကျဉ်းချုံး၍ ပြောရမည်ဆိုလျှင် ရခိုင်ပြည်နယ်အကြောင်းကို သိနားလည်သည်ဟူ၍ပင် မဆိုနိုင်သောသူများ ၊ သို့မဟုတ် ရခိုင်ပြည်ကို ကြားဘူးရုံမျှသာရှိသောသူများက ရန်ကုန်မြို့မှနေ၍ ရခိုင်ပြည်ကို အုပ်ချုပ်နေခြင်းထက် ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးခြင်းက အဘက်ဘက်ပင် များစွာ ပိုမိုကောင်းမွန်မည်မှာ ထင်ရှားလှပါသည်။

လွှတ်တော်တွင် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုမတင်သွင်းမီ ကြာသပတေးနေ့က လွှတ်တော်ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ပြည်နယ်များဖွဲ့စည်းပေးခြင်းသည် တိုင်းပြည်၏အင်အားကို ဆုတ်ယုတ်စေသည်ဟု မိန့်ခွန်းစကားပြောကြားပါသည်။ ဝန်ကြီးချုပ်ဦးနုက ယင်းသို့ မိန့်ကြားပြောဆိုခြင်းမှာ မိမိကိုယ်တိုင်ကပင် ယုံကြည်ပါသလောဆိုသည်ကို ကျွန်တော်မသိပါ။ ပြည်ထောင်စုနိုင်ငံတနိုင်ငံဆိုသည်မှာ ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ထားမှသာ ဖြစ်နိုင်ပါသည်။ ဤကဲ့သို့ နိုင်ငံတည်ထောင်ခြင်းမျိုးကို အင်္ဂလိပ်ဘာသာဖြင့် Federalism ဟုခေါ်ပါသည် ။ ကျွန်တော်တို့နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ

ဥပဒေ၌ ရှေးဦးဆုံး ပုဒ်မ (၁) တွင် မြန်မာနိုင်ငံကို "ပြည်ထောင်စုနိုင်ငံ" ဟု ခေါ်တွင်စေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုနိုင်ငံဖွဲ့စည်းထားခြင်းမှာ နိုင်ငံတနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အမျိုးမျိုးသော လူမျိုးစုများကို စုရုံး၍ ၎င်းတို့၏လိုအင်ဆန္ဒကို ပြည့်ဝစေအောင် စီမံထားသော နည်းစနစ်ဖြစ်ပါသည်။ ပြည်နယ်ပေါင်း (၄၈) နယ်ကို စုရုံး၍ ဖွဲ့စည်းထားခြင်းဖြင့် ပြည်ထောင်စု အမေရိကန်ပြည် (USA) ၏ အင်အားတောင့်တင်းမှုကို ဖြစ်စေပါသည်။ ဆိုဗီယက်ရုရှားပြည်ထောင်စုနယ်များ (USSR) မှာလည်း ပြည်နယ်များကို စုရုံးဖွဲ့စည်းထားခြင်းဖြင့် အင်အားတောင့်တင်းပါသည်။ ဆိုဗီယက် ရုရှားပြည်ထောင်စု နယ်များမှာ ပြည်နယ်ပေါင်း ၁၆ နယ်နှင့် တိုးပွါးခြင်းမပြည့်စုံသေးသော လူမျိုးစုများအတွက် (Regional Autonomy) ခေါ် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော အချို့ဒေသများနှင့် National Areas ခေါ် အချို့ လူမျိုးစုံဒေသများကို စုရုံးဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှသော အစိုးရအဖွဲ့များမှာ များသောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့များ ဖြစ်ကြပါသည်။ ပြည်နယ်များကို စုရုံး၍ ဖွဲ့စည်းထားသည့် အထင်ရှားဆုံးသော သာဓက ပြည်ထောင်စု နိုင်ငံမှာ Swizerland  စွစ်ဇလန် နိုင်ငံဖြစ်ပါသည်။ ၎င်းစွစ်ဇလန်ပြည်ထောင်စုနိုင်ငံမှာ အကျယ်အဝန်း အားဖြင့် ရခိုင်ထက်ကြီးသော နိုင်ငံမဟုတ်ပါ။ စွစ်ဇလန်ပြည်ထောင်စုနိုင်ငံတွင် ပြင်သစ်ဘာသာ ၊ ဂျာမန် ဘာသာ ၊ အီတလီယန်ဘာသာ စသော စကားများကို ပြောဆိုကြသော လူမျိုးစု (၃) စုရှိကြပါသည်။ သို့ပင် ဖြစ်ငြားသော်လည်း ပြည်ထောင်စုနိုင်ငံဖွဲ့စည်းထားခြင်းဖြင့် စွစ်ဇလန်နိုင်ငံမှာရှိကြသည့် လူမျိုးစုအားလုံး တို့သည် ကြေကြေနပ်နပ်ရှိကြပါသည်။ ပြည်နယ်များဖွဲ့စည်း ၍  ပြည်ထောင်စုနိုင်ငံတည်ထောင်ခြင်းသည် ဝန်ကြီးချုပ်ဦးနုက ဆင်ခြေပေးသလို နိုင်ငံ၏အင်အားကို ယုတ်လျော့စေတတ်သည်ဆိုခြင်းမှာ မဟုတ်ပါ။ အင်အား တောင့်တင်းလာစေတတ်သည်ကို အများပင် ကောင်းစွာ နားလည်ကြပါသည်။

အကျိုးအကြောင်း အလျှင်းမရှိဘဲ ပြည်နယ်တနယ် အသစ်ဖွဲ့စည်းပေးရန် တောင်းဆိုခြင်းမှာ မကောင်းသည့်နည်းတူ ပြည်နယ်တနယ် အသစ်ဖွဲ့စည်းပေးရန် အခြေအနေ အကျိုးအကြောင်းများနှင့် ပြည့်စုံလျက် ယင်းပြည်နယ်ကို ပြည်နယ်တနယ် အသစ်ဖွဲ့စည်းပေးခြင်းကို ငြင်းဆိုခြင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အင်အားတောင့်တင်းခြင်းအခြေအနေကို ထိခိုက်စေနိုင်သည်ဟု ဝန်ကြီးချုပ်ဦးနုနှင့် အဖွဲ့ဝင် ဝန်ကြီးများ သိထိုက်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုးတက်ကြီးပွါးခြင်းကို အမှန်စင်စစ် လိုလားကြ၍ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသူအပေါင်းသည် ဤကိစ္စတွင် သိကောင်းစွာ ချပ်သင့်ပါသည်။

သီးခြားပြည်နယ် သတ်မှတ်ပေးရန် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားသော မူအချက် (၄) ချက်စလုံး နှင့် ရခိုင်ပြည်သည် လုံးဝကိုက်ညီသည်ကို မည်သူမျှ မငြင်းဆိုနိုင်ပါ။

ရခိုင်ပြည်မှာ -

(၁) မိမိနောက်ကြောင်း ရာဇဝင်အထောက်အထားနှင့်လည်း ပြည့်စုံပါသည်။

(၂) သဘာဝနယ်မြေအားဖြင့်လည်း တစုတဝေးအဖြစ် တည်ရှိပါသည်။

(၃) စီးပွါးရေးအားဖြင့်လည်း တစုတဝေးအဖြစ် တည်ရှိပါသည်။

(၄) စာပေ ၊ ဘာသာ ၊ ယဉ်ကျေးမှု ၊ ထုံးတမ်းဓလေ့အားဖြင့်လည်း သီးခြားကိုယ်ပိုင် ရှိပါသည်။

သို့ဖြစ်၍ မည်သူမဆို ရခိုင်ပြည်နယ်ဖွဲ့စည်းခြင်းကို တားဆီးပိတ်ပင်နေသူသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အင်အားတောင့်တင်းမှုကို ပျက်ပြားအောင် ဖြိုခွင်းနေသူဟု ဆိုနိုင်ပါသည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလက ဆာဘဦးကော်မီရှင်ကို ဖွဲ့စည်းခန့်အပ်ခဲ့သည့် အခန်းအနားတွင် ဝန်ကြီးချုပ်ဦးနု မြွက်ကြားသော မိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့် အစိုးရစာပုံနှိပ်တိုက်မှထုတ်ဝေသော "ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီသို့" ဆိုသောစာအုပ် စာမျက်နှာ ၁၅၆ - တွင် "လူမျိုးစုအားလုံးတို့၏ သဘောဆန္ဒပြည့်ဝခြင်း" ဆိုသောခေါင်းစဉ်ဖြင့် ပုံနှိပ်ထားပါသည်။ ဝန်ကြီးချုပ်ဦးနု၏ မိန့်ခွန်းမှာ ယခုကိစ္စအလို့ငှာ များစွာ အရေးပါအရာရောက်သော မိန့်ခွန်းဖြစ်သဖြင့် ၎င်းမိန့်ခွန်းအပြည့်အစုံကို အောက်တွင်ဖော်ပြထားပါသည်။

'ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်လူကြီးများခင်များ ၊

ယနေ့ ဤအချိန် ဤနေရာတွင် ကျွန်တော်ပြောလိုသည့်အချက်ကို စကားတခွန်းတည်းနှင့်သာ ပြောဆိုပါဟု ကျွန်တော့်အားပြောကြားလျှင် "မွန်လူမျိုး ၊ ကရင်လူမျိုးနှင့် ရခိုင်လူမျိုးတို့ တရားသဖြင့်လိုအားအပ်သော အချက်အားလုံးတို့ကို တွန့်တိုခြင်းမရှိဘဲ ဆန္ဒပြည့်ဝ စိတ်ကြေနပ်အောင် နည်းအမျိုးမျိုးတို့ကို ရှာဖွေ စုံစမ်းကြပါ" ဆိုသော တောင်းပန်ချက်တခုတည်းကိုသာ ပြုလုပ်ချင်ပါတယ် ။

ဒီလို ကျွန်တော်ပြောခြင်းဟာ အရမ်းမဲ့ပြောခြင်းမဟုတ်ပါ။ အကြောင်းအများကြီး ပြနိုင်ပါတယ်။ ယုတ္တိအကြောင်း ရှင်းလင်းအောင် ကမ္ဘာ့ရာဇဝင်ကို ပြန်၍ကြည့်မယ်ဆိုရင် ကမ္ဘာ့ရာဇဝင်ကို ပြုပြင်နေတဲ့ အချက်အားလုံးအပေါ် လွှမ်းမိုးနေတဲ့ အချက်တချက်ကို တွေ့ရပါလိမ့်မယ်။ ဒီအချက်ဟာ ဘာလဲဆိုရင် လူမျိုးများ တလုံးတစည်းတည်းရှိတဲ့ နိုင်ငံများ ဖြစ်လာနိုင်ကြတာကို တွေ့ရပါတယ်။ လူများ တကွဲတပြား ဖြစ်နေတဲ့နိုင်ငံများဆိုရင် ကမ္ဘာ့ထိပ်သီးနိုင်ငံများနဲ့ ရင်ဘောင်တန်း မလိုက်နိုင်ကြဘဲ အောက်ကျ နောက်ကျ ဖြစ်နေတာကို တွေ့ရပါတယ် ။

နိုင်ငံတနိုင်ငံမှာ လူဦးရေများတာရယ် ၊ စီးပွါးရေးတောင့်တင်းတာရယ် ၊ ဒီအချက်များဟာ နိုင်ငံရှေ့တန်းမှာနေနိုင်ဘို့ လိုအပ်တဲ့အချက်များဖြစ်တယ်ဆိုတာ ကျွန်တော်မညင်းလိုပါဘူး ၊ ဒါပေမဲ့ နိုင်ငံတနိုင်ငံဟာ လူဦးရေဘယ်လောက်ပဲများများ စီးပွါးရေးအခြေအနေ ဘယ်လောက်ပင်ကောင်းကောင်း နိုင်ငံသူ နိုင်ငံသားတို့ ညီညွတ် စည်လုံးမှုမရှိလျှင် ထိုနိုင်ငံဟာ ဘယ်တော့မှ ကမ္ဘာ့ထိပ်တန်းနိုင်ငံ မဖြစ်နိုင်ဘူးဆိုတာလူကြီးမင်းများအား သတိပေးစကား ပြောကြားထားလိုပါတယ်။ လူဦးရေများခြင်းနဲ့ စီးပွါးရေးအခြေအနေ တောင့်တင်းခြင်းတို့ဖြင့်သာ နိုင်ငံတနိုင်ငံဟာ ဗြိတိန်နိုင်ငံထက်ပိုပြီး တန်ခိုးကြီးနိုင်ပါတယ်။ တရုပ်နိုင်ငံဟာလည်း ဂျပန်နိုင်ငံထက်ပိုပြီး တန်ခိုးကြီးနိုင်ပါတယ် ။ အိန္ဒိယနိုင်ငံဟာ လူဦးရေအားဖြင့် ဗြိတိန်နိုင်ငံထက် များပါတယ်။ ကိုယ့်သဘာဝထွက်ကုန် ပစ္စည်းများဟာလည်း အိန္ဒိယနိုင်ငံသည် ဗြိတိန်နိုင်ငံထက် ပို၍ အားရှိပါတယ်။ တရုပ်ပြည်ဟာလဲ အဲဒီအချက်ကြီး - ၂ ချက်နဲ့ပက်သက်ပြီး ဂျပန်ပြည်ထက် သာပါတယ် ။ ဒီလိုအခြေအနေကောင်းနေပါလျက် အိန္ဒိယနိုင်ငံဟာ ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြစ်မဲ့အစား ဗြိတိန်လက်အောက်ရောက်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အိန္ဒိယနိုင်ငံမှာ နိုင်ငံသားများ စည်းလုံးညီညွတ်ခြင်း မရှိခဲ့ကြဘူး ။ ဗြိတိန်နိုင်ငံမှာတော့ နိုင်ငံသူ နိုင်ငံသားများ စည်းလုံးညီညွတ်ခြင်းရှိကြလို့ ဖြစ်ပါတယ်။

တရုပ်ပြည်ဟာလည်း ဂျပန်ပြည်မှာလူဦးရေထက် ပိုမိုများပြားပါတယ်။ သဘာဝထွက်ကုန်များဟာလည်း ဂျပန်ပြည်မှာထက် များစွာပိုပါတယ်။ ဒါပေမဲ့ တရုပ်ပြည်သူပြည်သားတို့ စည်းလုံးညီညွတ်မှုကင်းကြလို့ အချိန်က အတော်ကြာအောင် တရုပ်ပြည်ဟာ ဂျပန်ပြည်၏ လက်အောက်ခံကျွန်နိုင်ငံဖြစ်ခဲ့ပါတယ်

ဒို့ကြောင့် ရှမ်း ၊ ချင်း ၊ကချင် ၊ ကရင် ၊ ကရင်နီ ၊ မွန် ၊ မြန်မာစတဲ့ ပြည်ထောင်စုနိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးတို့ဟာ ကျွန်တော်ပြောခဲ့တဲ့ ရာဇဝင်သင်ခန်းစာကို ယူဖို့လိုပါတယ်။ ရာဇဝင်သင်ခမ်းစာမှာ ပင်လယ်မှာရှိတဲ့ မီးပြတိုက်ကြီးပမာ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားများ စည်လုံးညီညွတ်ကြဘို့ နည်အမျိုးမျိုး ရှာဖွေရာများမှာ အထောက်အကူပြု ညွှန်းဆိုတာရှိပါတယ်။

ကျွန်တော်တို့ မြန်မာရာဇဝင်ကိုကြည့်မယ်ဆိုရင် အနော်ရထာလက်ထက်ကတကြိမ် ၊ ဘုရင့်နောင်လက်ထက်ကတကြိမ် ၊ အလောင်းဘုရားလက်ထက်ကတကြိမ် ၊ အဲဒီ (၃) ကြိမ်မှာ ကျွန်တော်တို့ လူမျိုးတွေ တစည်းတလုံးတည်း ညီညွတ်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလို စည်းလုံးညီညွတ်ခဲ့တာဟာလဲ အခြေခံ အုတ်မြစ်ကောင်းပေါ်မှာ တည်ပြီးဖြစ်ခဲ့တာမဟုတ်ပါဘူး ။ ပုဂ္ဂိုလ်ပေါ်မှာသာ တည်ပြီးဖြစ်ခဲ့ပါတယ်။ <u>ပုဂ္ဂိုလ်ပေါ်မှာ တည်ပြီးပေါ်ထွက်လာတဲ့ စည်းလုံးညီညွတ်မှုဟာ ထိုပုဂ္ဂိုလ်ကွယ်လွန်အနိစ္စရောက်တာနဲ့ တပြိုင်နက် သဲပေါ်မှာဆောက်ထားတဲ့ တိုက်အိမ်လို တခါတည်း ပျက်ပြိုသွားတာပါဘဲ ။</u>

ပြည်ထောင်စုမြန်မာနိုင်ငံကြီးရဲ့ အသက်သွေးခဲလို့ဆိုနိုင်တဲ့ လူမျိုးစု စည်းလုံးညီညွတ်မှု အဆောက်အဦးကြီးကို တည်ဆောက်ရာမှာလည်းဘဲ ၊ ကျွန်တော်ယခုပြောခဲ့တဲ့ မြန်မာရာဇဝင်သင်ခဏ်းစာကိုလဲ အမြဲသတိချပ်သင့်ပါတယ်။

သို့ဖြစ်၍ လူမျိုးစုစည်းလုံးညီညွတ်မှု အခြေခံအုတ်မြစ်ဟာ ဘာလဲဆိုတာအကျဉ်းချုပ်ပြောရရင် လူမျိုးစုံအားလုံးတို့ စိတ်ကြေကြေနပ်နပ်ရှိခြင်းမှတပါး အခြားအခြေခံအုတ်မြစ်မရှိပါဘူး ။ လူမျိုးစုအားလုံးတို့ စိတ်ကြေကြေနပ်နပ်ရှိကြမယ်ဆိုရင် အမျိုးသားများစည်းလုံးညီညွတ်ခြင်းကို မိုးပေါ်ကသိကြားမင်း ဆင်းဖျက်တောင် မပျက်နိုင်ပါဘူး ။ ဒီလိုစိတ်ကြေနပ်ခြင်းမရှိဘူးဆိုရင် အမျိုးသားစည်းလုံးညီညွတ်ခြင်းကို ဖြိုခွဲတဲ့တရားခံဟာ မည်သူလဲဆိုတာ နယ်ချဲ့သမားတွေ ၊ စီးပွါးရေးဓားပြတွေ ပြည်ထောင်စုရန်သူတွေကို ရှာနေဘို့ မလိုပါဘူး ။ ဒီလူမျိုးစုများ စိတ်ကြေကြေနပ်နပ်မရှိခြင်းဟာ ပဋ္ဌမတရားခံ အစစ်ပါဘဲ ။

ဉက္ကဋ္ဌကြီးနှင့် ကော်မီရှင်အဖွဲ့ဝင်လူကြီးများခင်ဗျား ။ လူမျိုးစုများ စိတ်ကြေနပ်မှု မရှိခြင်းဆိုတာ ဘာကိုဆိုလိုတယ်ဆိုတာကို ကျွန်တော်အနည်းငယ် ရှင်းပြပါရစေ ။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် စိတ်ကြေနပ်မှုများဆိုတာ လူမျိုးအသီးသီးတို့သည် အခြားအခြားသော လူမျိုးစုတို့ထံမှ တရားမျှတစွာ ဆောင်ရွက်မှုများ ရရှိကြပါတယ်လို့ ယုံကြည်နေခြင်းတို့ပင် ဆိုလိုပါတယ်။ ပါးစပ်ကပြောနေရုံနဲ့ စိတ်ကြေနပ်မှုများ အဖြစ်နိုင်ပါ။ တကယ်လုပ်ပြမှ ဖြစ်နိုင်ပါတယ်။ ဤကော်မီရှင်အဖွဲ့၏ လုပ်ငန်းရင်းဟာဘာလဲဆိုရင် ကျွန်တော်တို့တနိုင်ငံတည်းအတူဖွား ညီအစ်ကိုများဖြစ်ကြသော မွန်လူမျိုးက စေတနာကောင်းများ ထားရှိကြပါတယ်ဆိုတာ လုပ်ပြနိုင်တဲ့နည်းလမ်းများကို ရှာဖွေဖို့ဘဲဖြစ်ပါတယ် '

ဖွင့်ပြောရမယ်ဆိုရင် ကျွန်တော်တို့၏အမျိုးသား ခေါင်းဆောင်များဟာ အမျှော်အမြင် ဉာဏ်ပညာ နဲ့ ပြည့်စုံတယ်ဆိုတာ စမ်းသပ်ကြဘို့လိုပါတယ်။ ရှေးရာဇဝင်သမိုင်းတွင်အခြားအချိန်အခါများထက် ယခုအခါ သာ၍ အရေးကြီးပါတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့လူများဘဲလား ။ ကျွန်ဘဝကို ပြန်နေမယ့် လူများဘဲလားဆိုတဲ့ ပြဿနာ၏အဖြေ ကမ္ဘာကသိရအောင် ကျွန်တော်တို့က ယခုလုပ်ကိုင်ပြရ

ပါလိမ့်မယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုတို့အား လူမနသသများ ခံစားခွင့် ခံစားထိုက်တဲ့ အခွင့်အရေးများကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်စေရန် တစုတရုံးတည်းဖြစ်အောင် ကျွန်တော်တို့သည် ဆောင်ရွက်ပေးနိုင်တဲ့ လူများဖြစ်ကြပါတယ်။ သို့မဟုတ် ကျွန်ဘဝသို့ပြန်ရောက်အောင်သာ ပြည်ထောင်စုကိုခွဲပစ်မဲ့လူများ ဖြစ်ကြတယ်ဆိုတာကို ကမ္ဘာကသိအောင် လုပ်ပြဘို့လိုပါတယ်။

"ဒီလိုစမ်းသပ်ကြည့်မှ ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံမှာ ရွှေမိုးငွေမိုးများရွာချနိုင်အောင် လုပ်ပေးနိုင်မလား သို့မဟုတ် ပြည်တွင်းမှာ သွေးချောင်းစီးအောင်လုပ်ပေးကြမလားဆိုတာ သိရှိနိုင်ကြပါလိမ့်မယ်။"

"ကျွန်တော်တို့၏လိုအင်ဆန္ဒမှာ တခုတည်းဖြစ်ပါတယ် ။ ကျွန်တော်တို့၏ ခေါင်းဆောင်များဟာ ဒီကဲ့သို့ စမ်းသပ်ကြည့်ခြင်းကို ကောင်းစွာခံနိုင်၍ ကျွန်တော်တို့ဟာ လွတ်လပ်ရေးနဲ့ထိုက်တန်တဲ့ လူများဖြစ်ကြတယ်ဆိုတာကို ကမ္ဘာသိအောင် လုပ်ပြနိုင်ကြခြင်းကိုသာ အလိုရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နေထိုင်ကြတဲ့ လူဦးရေ (၁၇) သန်းရှိတဲ့ ရှမ်းလူမျိုးများ ချင်းလူမျိုးများ ကချင်လူမျိုးများ ကရင်လူမျိုးများ ကရင်နီလူမျိုးများ မွန်လူမျိုးများနှင့် မြန်မာလူမျိုးများသည် နေထိုင်စားသောံရေးများတွင် တင်းပြည့်ကျပ်ပြည့်နေထိုင်ကြရအောင် ကျွန်တော်တို့၏ခေါင်းဆောင်များက လူမျိုးစုတို့ စည်းလုံးညီညွတ်ခြင်းကိစ္စကို ထမြောက်အောင် ဆောင်ရွက်ပေးနိုင်ကြပါစေဆိုတာကို ကျွန်တော် ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်တို့၏ခေါင်းဆောင်သည် ကျွန်တော်တို့နိုင်ငံတွင် သွေးချောင်းစီးခြင်းကိုမဖြစ်စေဘဲ ရွှေမိုးငွေမိုး ရွာအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်း၍ ကျွန်တော်နိဂုံးချုပ်ပါတယ် ။"

ရခိုင်ပြည်နှင့်ပက်သက်၍ ဆာဘဦး၏ ကော်မီရှင်အဖွဲ့သည် ၁၉၅၇ ခုနှစ် ဂျူလိုင်လက စစ်တွေမြို့သို့ လာရောက်ခဲ့ပါသည်။ အခြားဆောင်ရွက်မှုမရှိပါ။ လအနည်းငယ်ကြာ၍ ကော်မီရှင်အဖွဲ့၏ အစီရင်ခံစာကို တင်သွင်းသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ထားသော မူ ၄ - ချက်အနက် ၊ အချက်တချက်တည်းနှင့်သာ ကိုက်ညီသော ကရင်လူမျိုးများအတွက် ပြည်နယ်တနယ်ဖွဲ့စည်းပေးရန် ထောက်ခံချက်ပြုလုပ်ပါသည်။ ရခိုင်ပြည်နှင့်ပက်သက်၍မူကား ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးသင့် မပေးသင့်ပြဿနာကို သုံးသပ်လေ့လာရန် အခွင့်မကြုံကြိုက်ခဲ့ကြောင်းနှင့် ဤပြဿနာကို သေချာစွာ လေ့လာသုံးသပ်ရန် ကော်မီတီအဖွဲ့ငယ်တရပ်ကို ခန့်ထားရန် ထောက်ခံချက်ပြုလုပ်ပါသည်။

ဆာဘဦးကော်မီရှင်အဖွဲ့ကို ဖွဲ့စည်းခန့်အပ်ခြင်းအကြောင်းကြောင့်၎င်း ၊ ကရင်လူမျိုးအား သီးခြားပြည်နယ်ဖွဲ့စည်းပေးလိုက်ခြင်းကြောင့်၎င်း ၊ ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နယ်တနယ်ရရှိရေးအတွက် လွန်စွာမှ စိတ်အားထက်သန်လျက်ရှိနေကြပါသည်။ ၎င်းပြင် လွန်ခဲ့သည့်နှစ်က ပြည်သူ့လွှတ်တော်တွင် ဝန်ကြီးဗိုလ်ခင်မောင်ကလေးက ရခိုင်ပြည်နယ်ဖွဲ့စည်းရေးအဆိုနှင့် ရွေးကောက်ပွဲကြီးတွင် လွှတ်တော်အမတ်နေရာများ ၄ - ပုံ ၁ - ပုံမျှရအောင် ကြိုးစားပါဦးဟု ကျွန်တော်တို့ ရခိုင်အမတ်များအား ပြောကြားသည့်အတွက် ယင်းသို့စိတ်အားထက်သန်ခြင်းမှာ ပို၍ပင်လာခဲ့ပါသည်။ ဝန်ကြီးဗိုလ်ခင်မောင်ကလေးက ပြောကြားခြင်းမှာ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရန် အမတ်ဦးဘမြိုင်က တင်သွင်းသည့် ဥပဒေကြမ်းကို ဆွေးနွေးသည့်အခါ ပြောဆိုခြင်းဖြစ်ပါသည်။

မောင်တောနယ်နှင့် ဘူးသီးတောင်နယ်များကို ချန်လှပ်၍ စစ်တွေခရိုင်အတွင်းမှာ ရှိသော မဲပေးနိုင်သူပေါင်း ရာခိုင်နှုံး ၆၅ ၊ ကျောက်ဖြူခရိုင်တွင်းမှာရှိသော မဲပေးနိုင်သူပေါင်း ရာခိုင်နှုန်း ၉၀ နှင့် သံတွဲခရိုင်အတွင်းမှာ ရှိသော မဲပေးနိုင်သူပေါင်း ရာခိုင်နှုံး ၈၅ မှာ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရန် လိုလားကြသော သူများဖြစ်ကြသည်ကို ရ-တ-ည အဖွဲ့က ကောင်းစွာသိကြပါသည်။ သို့ဖြစ်၍ ဝန်ကြီးဗိုလ်ခင်မောင်ကလေးက ရခိုင်အမတ်များအား 'ချဲလင့်[1]' လုပ်သည့် စကားများပြောကြားသည်ကို နားမလည်အောင် ဖြစ်ခဲ့ရပါသည်။ သို့ပင်ဖြစ်သော်လည်း ။

ရ-တ-ည အဖွဲ့သည် ဗိုလ်ခင်မောင်ကလေး ဤကဲ့သို့ (ချဲလင့်) လုပ်ဝံ့ခြင်းကို နောက်တော့ နားလည်လာပါသည်။

ဝန်ကြီးချုပ်ဦးနုက တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပေးမည်။ ရွေးကောက်ပွဲများအားလုံးကို ၁၉၄၆ ခုနှစ် ဧပြီလ မကုန်မီ တပြိုင်တည်းကျင်းပပေးနိုင်မည်ဟု ရန်ကုန်မှစ၍ လူသိနတ်ကြားပြောကြားခြင်းမှာမူ ကောင်းပါသည်။ ဤကဲ့သို့ လူသိနတ်ကြားပြောကြားခြင်းကို ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ယုံကြည်ပါရဲ့လားဆိုသည်ကို ကျွန်တော်မပြောနိုင်ဘဲ ရှိနေပါသေးသည်။ သို့တည်းမဟုတ် အမတ်ရွေးကောက်ပွဲများကို နယ်တိုင်းနယ်တိုင်းမှာ ဖဆပလက အနိုင်ရအောင် အစီအစဉ်များ ပြုလုပ်နေသည်ကို ဦးနု မသိဘူး ဆိုနိုင်ပါသလား ။ မြန်မာပြည်တဝှမ်းလုံးမှာ ဖဆပလကို မုန်းတီးနေကြပါလျှက် ၊ အမတ်နေရာ (၁၅) နေရာကလွဲ၍ ၊ ဖဆပလက အာလုံးအနိုင်ရလိမ့်မည်ဟု နောက်ဆုံး ထင်ကြေးပေးခဲ့ကြပါသေးသည်။ ရခိုင်ပြည်မှာ ရခိုင်လူမျိုးမဟုတ်သော အစိုးရအရာထမ်းအမှုထမ်းများသည် ရွေးကောက်ပွဲများတွင် ဖဆပလက အနိုင်ရအောင် ကြိုးပမ်းအားထုတ်ကြပါသည်။

ပဌမ။ ။ ရတညအဖွဲ့ကိုမဲပေးကြမည်ဟု ဖဆပလက အသေအချာသိသော လူအမြောက်အများကို မဲစာရင်းမှ နှုတ်ပယ်ထားရန်စီမံပါသည်။ ကျွန်တော်ကိုယ်တိုင်အရွေးခံရသော မဲဆန္ဒနယ်အတွင်းရှိ တနေရာ တည်းနေထိုင်ကြသော ဗုဒ္ဓဘာသာမဲဆန္ဒဦးရေပေါင်း ၅၀၀၀ မျှကိုချန်ထားပါသည်။

ဒုတိယ။ ။ ဖဆပလကို မဲပေးကြရန်နှင့် ရတညကို မဲပေးကြရန် ခြိမ်းခြောက်ပေးရန် ၊ လက်နက်ကိုင်တပ်သားများ ၊ စစ်ရဲများ ၊ ပြျစောထိီးများကို အသုံးပြုကြပါသည်။

တတိယ။ ။ ဖဆပလ - က ရှုံးမည်ဟုသေချာသော မဲရွေးပွဲများကို ရွှေ့ဆိုင်းပစ်လိုက်ပါသည်။

ကျောက်ဖြူခရိုင်နှင့်သံတွဲခရိုင်များတွင် ဘယ်တိုင်းပြည်မှ မပြုလုပ်ဘူးသော မဲဆန္ဒနယ်များအတွင်းတွင် ထက်ဝက်မှာသူပုန်များလက်အောက်ရောက်နေသည်ဆို၍ မဲဆန္ဒနယ်ထက်ဝက်စီအတွက်သာ မဲများကောက်ယူခြင်းကို ပြုလုပ်ကြပါသည်။

သံတွဲခရိုင်မှာ ယခင်သံတွဲအမတ် ဦးလွင်က ရွေးကောက်ပွဲဝင်ရန် လျှောက်လွှာတင်သွင်းလိုက်သည်နှင့်တပြိုင်နက် လူသတ်မှုတွင်ပါဝင်သည်ဟု မတရားစွပ်စွဲ၍ ဖမ်းဆီးချုပ်နှောင်ခြင်းခံရပါသည်။ ရွေးကောက်ပွဲပြီးသောအခါကျမှ ဦးလွင်ကို ထောင်မှလွှတ်လိုက်ပါသည်။

[1] ချဲလင်း = challenge ( စိန်ခေါ်ခြင်း )

ဖဆပလက ရှုံးမည်ဟု သေချာသည့်အကြောင်းမှတပါး အခြားအကြောင်းဘာမှမရှိဘဲလျက် (၅) ကြိမ် (၆) ကြိမ်မျှထိအောင် ရွေးကောက်ပွဲများကို ထပ်ကာထပ်ကာ ရက်ရွှေ့ပြောင်းပြီးလျှင် အချို့သော ရွေးကောက်ပွဲများကို ၁၉၅၇ - ခုနှစ် ဇန်နဝါရီလ ဖွန်လအတွင်းမှာ အပြီးသတ်ကျင်းပခဲ့ပါသည်။

ဖဆပလ မတရားညစ်ပတ်မှုများကို လိုက်နာခဲ့သည့်အတွက် ရွေးကောက်ပွဲများတွင် အားလုံး အနိုင်ရရှိကြသည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ ယင်းသို့ကားမဟုတ်ပါ။ ရခိုင်လူမျိုးများသည် အားလုံးသော မတရားညစ်ပတ်မှုများကိုကျော်လွှန်၍ အမျိုးမျိုးသော ဘေးအန္တရာယ်များထဲမှ အလုံးအရင်း နှင့်လာကြပြီးလျှင် ရခိုင်ပြည်နယ်ရရှိရေးအတွက် ရတညအဖွဲ့အား မဲဆန္ဒများ ပေးကြပါသည်။

ယခုအခါ ရခိုင်ပြည်ရွေးကောက်ပွဲများနှင့်ပက်သက်၍ စစ်ဆေးရန် ရွေးကောက်ပွဲမှု (၃) မှုရှိနေ ပါသည်။ ၎င်းတို့မှာ တောင်ကုတ်မြို့နယ်အတွက်ရွေးကောက်ပွဲ ၊ ကျောက်တော်မြို့နယ်အတွက် ရွေးကောက်ပွဲနှင့် ရမ်းပြဲမြို့နယ်အတွက်ရွေးကောက်ပွဲများ ဖြစ်ကြပါသည်။

တောင်ကုတ်နယ်ရွေးကောက်ပွဲနှင့်ပက်သက်သည့်အမှုတွင် မဲဆန္ဒရှင်များကို ဧည့်ခံကျွေးမွေးခြင်း ၊ တောင်ကုတ်မြို့သို့ မဲဆန္ဒပေးရန် နေရာတခုလုံးမှ လာကြမည့် ပုဂ္ဂိုလ်များ မလာကြရန် လှေများအားလုံးကို စစ်ရဲတပ်များက သိမ်းဆီးထားခြင်း၊ အခြားနေရာများတွင် ရတညအဖွဲ့သို့ မဲဆန္ဒများ မပေးနိုင်ရန် ခြိမ်းခြောက်ခြင်းစသည်တို့မှာ ကန့်ကွက်ပြ အကြောင်းအချို့ဖြစ်ပါသည်။

ကျောက်တော်နယ်ရွေးကောက်ပွဲနှင့်ပက်သက်၍ မဲဆန္ဒရှင်များအားကျွေးမွေးခြင်း ၊ ဖဆပလ အမတ်လောင်းများကိုသာ မဲပေးရန်နှင့် ရတညအမတ်လောင်းများအား မဲပေးရန်လာကြသူများကို မလာနိုင်ရန် လက်နက်ကိုင်လုံခြုံရေးတပ်သားများကို အစွမ်းကုန်အသုံးချခြင်းတို့မှာ ကန့်ကွက်ပြအကြောင်း အချို့ဖြစ်ပါသည်။

ရမ်းပြဲရွေးကောက်ပွဲနှင့်ပက်သက်၍ မဲဆန္ဒရုံများအားလုံးကို မြို့ထည်းတွင်ထားစေ၍ အမတ်လောင်း ဦးဘမြိုင်အားမဲပေးရန် လာသူများ မဲပေးနိုင်ရန် နံနက် (၄) နာရီမှစ၍ ညနေ (၅) နာရီထိ စစ်ရဲတပ်သားများက သေနပ်များကို ပစ်ဖောက်ခြင်းမှာ ကန့်ကွက်ပြအကြောင်းအချို့ဖြစ်ပါသည်။

မြေပုံမဲဆန္ဒနယ်အတွက် ၁၉၅၆ ခုနှစ် ဧပြီလတွင် တကြိမ် ၁၉၅၇ - ခုနှစ် ဧပြီလတွင် တကြိမ် ၊ (၂) ကြိမ်ခွဲ၍ ရွေးကောက်ပွဲကျင်းပပါသည်။ လက်ရှိအမတ် ဦးဘဖြူပင် ရတညအမတ်လောင်းအဖြစ် အရွေးခံရာ ၁၉၅၆ - ခုနှစ် ဧပြီလတွင် အနိုင်ရရှိခဲ့သော်လည်း ၁၉၅၇ - ခုနှစ် ဧပြီလရွေးကောက်ပွဲမှာ အမ်းမြို့တွင်ကျင်းပ၍ ဖဆပလ ချထားသော ပြူစောထီးများက အမတ်လောင်းဦးဘဖြူနှင့်တကွ ၊ ၎င်းအတွက် ဆောင်ရွက်သူအားလုံးတို့ကို ၎င်းနေရာသို့ ဝင်ခွင့်မရနိုင်စေရန် တားမြစ်ထားကြပါသည်။ ယင်းသို့ မပြုလုပ်ရန် ဦးဘဖြူက တတ်နိုင်သမျှ ကန့်ကွက်ခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ပါသည်။ အမတ် ဦးလှထွန်းဖြူနှင့် ကျွန်တော်တို့ ဒုဝန်ကြီး ဦးကျော်ငြိမ်းနှင့် တွေ့ဆုံခြင်းမှာ ဤကိစ္စနှင့်ပက်သက်၍ ဖြစ်ပါ သည်။ သို့ရာတွင် ကြိုးစားခြင်းအားလုံးမှာ အချည်းနှီးဖြစ်ခဲ့သဖြင့် အမတ်လောင်းဦးဘဖြူသည် စိတ် မကျေမနပ်ပျက်ပြားခြင်းဖြစ်၍ ရွေးကောက်ပွဲဝင်ခြင်းမှ နုတ်ထွက်လိုကြောင်း ကျေညာစာတမ်းထုတ်ပါသည်။

သံတွဲနယ်တောင်ပိုင်း ရွေးကောက်ပွဲနှင့်ပက်သက်၍ ၊ ပဋ္ဌမအပိုင်း ရွေးကောက်ပွဲပြီး၍ မကြာမီ ဦးလွင်သည် တနှစ်စောစောကပင် ဘမ်းဆီးထားရာ ထောင်မှလွတ်ခဲ့ပါသည်။ ဒုတိယပိုင်းရွေးကောက်ပွဲမှာ အကြိမ်ပေါင်းဆက်ခါဆက်ခါ ရက်ရွှေ့ဆိုင်းပြီးမှ ၁၉၅၇ ခု ၊ ဧပြီလတွင် ဂွမြို့နယ်တွင် ကျင်းပရန် စီစဉ်ခဲ့

သော်လည်း ၊ အာဏာပိုင်များက မည်ကဲ့သို့ဆောင်ရွက်ကြသည်ကို ပြောပြရန်မှာ ၊ မဲဆန္ဒရှင်များ နေထိုင်ရာ အရပ်မှ မိုင်ပေါင်း ၆၀ မှ ၈၀ အထိ ကွာဝေးသော သံတွဲမြို့တွင် အားလုံးသော မဲရုံများကို ထားပေးခြင်းပင် ဖြစ်ပါသည်။ ဦးလွင်က ဤကဲ့သို့ဆောင်ရွက်ခြင်းကို ကန့်ကွက်ခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ပါသည်။ နောက်ဆုံးတွင် ဦးလွင်ကလည်း ၎င်းအကြောင်းအရာများကို သတင်းစာများတွင်ရေးသား၍ ရွေးကောက်ပွဲမှ နုတ်ထွက်ခဲ့ပါသည်။

ရွေးကောက်ပွဲများကျင်းပပုံ ကိစ္စများနှင့်ပက်သက်၍ ၊ ဖဆပလ အစိုးရအဖွဲ့အပေါ်တွင် ၊ ရခိုင်လူမျိုးများက တကယ်စင်စစ်ပင် စိတ်နာနေကြပါသည်။ ၁၉၅၁ - ခုနှစ် ရွေးကောက်ပွဲများကျင်းပစဉ်အခါက မြန်မာပြည်မတွင် ရွေးကောက်ပွဲများ ကျင်းပပုံကိစ္စများနှင့်ပက်သက်၍ များစွာ မကျေမနပ်ဖြစ်ခဲ့ပါသည်။၎င်းအခါက ရခိုင်ပြည်နယ်တွင် ထင်သလိုပြုလုပ်နိုင်ရန် အစိုးရအဖွဲ့တွင် လက်နက်ကိုင်တပ်များလုံလောက်စွာ မပို့နိုင်ခဲ့သဖြင့် ဖဆပလ အမတ်လောင်းများကို အနိုင်ယူ၍ များပြားသောရခိုင်လူမျိုးများ အမတ်အဖြစ် ရွေးကောက်ခံခဲ့ကြရပါသည်။ ယင်းသို့အရွေးခံရသော ရခိုင်အမတ်များသည် ပဋ္ဌမ ရခိုင်လူမျိုးတသီးပုဂ္ဂလ လွှတ်တော်အမတ်များစုဖွဲ့၍ ၎င်းနောက် ရ တ ည အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

၁၉၅၁ - ခုနှစ်က မြန်မာပြည် ပြည်မတွင် လွှတ်တော်အမတ်မင်းများ အရွေးခံရအောင် ဆောင်ရွက်ခဲ့သည့် ညစ်ပတ်မှုများကိုပင် ၁၉၅၆ - ခုနှစ် ရွေးကောက်ပွဲများအတွက် ရခိုင်ပြည်နယ်တွင် အသုံးပြုခြင်းသည် ဆင်တူရိုးမှား ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ တောနယ် ဒေသများတွင် မသိနားမလည် ဆင်းရဲသော ရခိုင်လူမျိုးများအပေါ်တွင် ခြိမ်းခြောက်ခြင်းအမှုကို လိုက်နာနေခြင်းမှ တားဆီးမထားနိုင်လျှင် ၎င်းတို့သည် မြန်မာပြည်နှင့် ရခိုင်ပြည်တွင် လာမည့်နှစ်ပေါင်း(၁၀၀) အတွက် ကြီးစိုးနေကြပါဦးမည်။

အထက်တွင်ဖော်ပြခဲ့သောအကြောင်းများကို ထောက်၍ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရန်တောင်းဆိုခြင်းနှင့် ၎င်းဆက်သွယ်ပေးသည့်ကိစ္စဖြစ်နိုင်သော ရခိုင်ပြည်တွင် ပြည်သူပြည်သားအားလုံးတို့၏ မဲဆန္ဒယူခြင်းတို့နှင့်ပက်သက်၍ ရခိုင်ပြည်တွင်လက်နက်ကိုင်တပ်သားများ အနှံ့အပြားရှိနေသမျှကာလပတ်လုံး မဲဆန္ဒပေးခြင်းကို ရခိုင်လူမျိုးတို့က မည်သည့်အခါမှ သဘောတူမည်မဟုတ်ကြောင်းမှာ ထင်ရှားပါသည်။ အမှန်စင်စစ်ပြောရမည်ဆိုလျှင် ယခုအခါ ဆန္ဒပေးခြင်းကိစ္စကို အမှန်တကယ်လွတ်လပ်သော ကိုယ်စားလှယ် အဖွဲ့တဖွဲ့က ကြီးကြပ်၍ကျင်းပပေးမှသာလျှင် ရခိုင်လူမျိုးများက စိတ်ကြေနပ်ခြင်း ရှိပေလိမ့်မည်။

ဖဆပလ အဖွဲ့က ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နယ်ဖွဲ့စည်းခြင်းကို အလိုမရှိဟုဆို၏ ။ ရတည အဖွဲ့က ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နယ်ဖွဲ့စည်းခြင်းကို အလိုရှိသည်ဟုဆို၏။ ဤအဆိုနှစ်ခုတွင် မည်သည့်အဆိုက မှန်သည်ကို ရခိုင်ပြည်သူပြည်သားအားလုံးတို့၏ဆန္ဒကို ယူစေမှ သိရှိနိုင်ပါလိမ့်မည်။ ကမ္ဘာ့ကုလသမဂ္ဂ (U.N.O)ကဲ့သို့ အမှန်တကယ်လွတ်လပ်သော ကိုယ်စားလှယ်များအဖွဲ့က ကြီးကြပ်၍ ကျင်းပသော မဲဆန္ဒကောက်ယူခြင်းကို လိုက်နာရန် ဖဆပလက ကြောက်ရွံ့နေပါသလား။ ရခိုင်လူမျိုးခေါင်းဆောင်များက အမှန်တကယ်လွတ်လပ်သော အဖွဲ့ကိုယ်စားလှယ်များ၏ ကြီးကြပ်ကျင်းပပေးခြင်းမှ လွဲ၍ ၊ အခြားနည်းကို ကြေနပ်ကြမည် မဟုတ်ပါ ။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲများတွင် အနိုင်ရနည်းအမျိုးမျိုး အသုံးပြုခြင်းတွင် တဘက်ကမ်းရောက်အောင် ထိပ်ခေါင်တင်ဆရာကြီးများဖြစ်သည့် ဖဆပလ အဖွဲ့ကသာလျှင် အနိုင်ယူကြမည်ကို တထစ်ချ ယုံကြည်နေကြပါသတည်း ။

နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်တွင် နိုင်ငံရေးသဘောပုံသဏ္ဍာန်မှာ မည်သို့ဖြစ်နေသည်ကို အနည်းငယ်စဉ်းစားသင့်ကြောင့် ပြောပြလိုပါသည်။ ဖဆပလ အစိုးရအဖွဲ့၏ ဆောင်ရွက်မှုများအဖြစ် နိုင်ငံရေး အုံကြွနေသည့်အကြောင်းကို ကျွန်တော်ဖော်ပြခဲ့ပါပြီ ။ သို့ဖြစ်ရာတွင် ရခိုင်ပြည်သူပြည်သားတို့မှာ စိတ် အပျက်ကြီးပျက်နေပါသည်။ ပြည်သူပြည်သားတို့၏ စိတ်ဓာတ်ပျက်ပြားနေခြင်းမှာ အခါမရွေး ဆိုးဝါး သော သဘောရှိပါသည်။ ရတညအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးခြင်းကို တခဲနက် သဘောတည်း ထားရှိပါသည်။ သို့ရာတွင် ထိမ်ဝှက်၍၎င်း ၊ ပေါ်လွင်၍၎င်း ၊ လွတ်လပ်သည့်အချုပ်အချာအာဏာပိုင် ပြည်နယ်တနယ်ထူထောင်ခြင်းကို စိတ်ကူး၍ အတိအလင်းပင် ပြောဆိုနေကြသော လူတချို့တို့ ပေါ်ပေါက်လျက်ရှိနေပါသည်။ ဤကဲ့သို့ အချို့က သဘောယူဆနေခြင်းမှာ ယုတ္တိ တန်သည် မတန်သည်ကိုချိန်ဆရန် ရခိုင်ပြည်၏ နောက်ကြောင်းရာဇဝင်ကို အမြဲထည့်သွင်း စဉ်းစား စေလိုပါသည်။ ။